# လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းဆိုင်ရာ တာဝန်ရှိသူများ အတွက် ဥပဒေဆိုင်ရာ အကျဉ်းချုပ်

(Legal Brief for Focal Points on Prevention of Sexual Harassment, Exploitation and Abuse)

Funded by:
European Union

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကျေးဇူးတင်လွှာ | ၂ |
| ၁။ တိုင်ကြားလာသည့်အခါ လိုက်နာဆောင်ရွက်ရန် အချက်များ | ၃ |
| ၂။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု၊ စော်ကားမှုနှင့် ဆိုင်သော ဥပဒေမူဘောင်များ | ၆ |
| ၃။ လုပ်ထုံးလုပ်နည်းများအား ခြုံငုံတင်ပြချက် | ၁၄ |
| ၄။ သက်သေအထောက်အထားများစုစည်းမှု | ၁၆ |
| ၅။ စစ်ဆေးမေးမြန်းခြင်း နှင့်ပြန်လှန်စစ်မေးခြင်း | ၁၉ |
| ၆။ လူသိရှင်ကြား ကြားနာခြင်း နှင့် တံခါးပိတ်စစ်ဆေးခြင်း | ၂၂ |
| ၇။ အကြမ်းဖက်ခံရသူ၏ အမည် နှင့် အချက်အလက်များ လျှို့ဝှက်ထားမှု | ၂၂ |
| ၈။ အမှုအောင်မြင်နိုင်မှု အခြေအနေ | ၂၂ |
| ၉။ အပယူခံ ဖြစ်စဉ် နှင့် လုပ်ထုံးလုပ်နည်း | ၂၃ |
| ၁၀။ သက်ဆိုင်သည့်ဌာနများအား အကြောင်းကြားညွှန်းပို့ရန် ဥပဒေအရတာဝန်ရှိမှု | ၂၆ |
| ၁၁။ အသရေဖျက်မှု နှင့် တရားမ နစ်နာကြေးနှင့်တန်ပြန် တရားစွဲဆိုနိုင်မှုများ | ၂၆ |
| ၁၂။ အသက် (၁၈)နှစ် အောက်များအတွက် ဥပဒေအရ တာဝန်ရှိမှုနှင့် ပြဌာန်းချက်များ | ၂၇ |
| ၁၃။ အကြမ်းဖက်ခံရသူများ၏ ယေဘုယျအခွင့်အရေး | ၂၈ |
| ၁၄။ အကြမ်းဖက်ခံရသူအား အများမကြားနိုင်ရန် သီးသန့်စစ်ဆေးခြင်း | ၂၉ |
| ၁၅။ အမှုရုပ်သိမ်းခြင်းနှင့် ကျေအေးခြင်း | ၂၉ |
| ၁၆။ မုဒိမ်းမှုများနှင့် ပတ်သက်ပြီး လုပ်ထုံးလုပ်နည်း နှင့် ဆောင်ရွက်ချက်များ | ၂၉ |
| ၁၇။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ စော်ကားခြင်းနှင့်ပတ်သက်သောအဓိက (၆) ချက် | ၃၁ |
| ၁၈။ အမေးများသောမေးခွန်းများ | ၃၂ |
| ၁၉။ ကိုးကားစာအုပ်များ | ၃၅ |

# ကျေးဇူးတင်လွှာ

ဥပဒေရေးရာကူစားရေးအဖွဲ့(မြန်မာ)သည် တရားမျှတမှု နှင့် အခွင့်အရေးကိုအခြေခံ၍ဖွဲ့စည်းထားသည့် အဖွဲ့ အစည်းဖြစ်သည်နှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို ကာကွယ်၊ မြှင့်တင်ဆောင်ရွက်လျက် တရားမျှတမှုအတွက် ရပ်တည်ဆောင်ရွက်ရန်စသည့် အဓိက ရည်ရွယ်ချက်များဖြင့် (၂၀၁၁) ခုနှစ်တွင် ဥပဒေ ဖြင့်အသက်မွေးဝမ်းကျောင်းနေသော လူငယ်ရှေ့နေများဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဥပဒေရေးရာကူ စားရေးအဖွဲ့(မြန်မာ) အနေဖြင့် အဖွဲ့၏ ရည်ရွယ်ချက်များကို အဓိကလုပ်ငန်းစဉ် (၄) ရပ်ဖြင့် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၎င်းလုပ်ငန်းစဉ် (၄) ရပ်ထဲမှ လုပ်ငန်းစဉ်တစ်ခုဖြစ်သော ပြည်သူများအတွက် လွယ်ကူစွာ ဖတ်ရှုနားလည်လွယ်သည့် အသုံးအနှုန်းများ နှင့် ဥပဒေများကို စုစည်းရေးသားထုတ်ဝေခြင်း နှင့် ဥပဒေများကို ဆန်းစစ်လေ့လာထုတ်ဝေခြင်းများ နှင့် ဥပဒေဆိုင်ရာသုတေသနများကိုလည်း ဆောင်ရွက်လျှက်ရှိပါသည်။ ယခု အခါတွင်လည်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းဆိုင်ရာတာဝန်ရှိသူများ အတွက် ဥပဒေဆိုင်ရာ အကျဉ်းချုပ်ကို စုစည်းတင်ပြ ရေးသားထုတ်ဝေ လိုက်ပါသည်။ ယခုစာအုပ်တွင် ဖော်ပြထားခြင်းများသည် ဥပဒေဆိုင်ရာ ပြီးပြည့်စုံသော ဖော်ပြချက်များမဟုတ်ဘဲ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်း နှင့်စပ်လျဉ်းပြီး ကိုင်တွယ်ဖြေရှင်းနေရသော တာဝန်ရှိသူများ အနေဖြင့် ၎င်းကဲ့သို့ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းသည့်အခါ သိရှိသင့်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ၊သတိထားရမည့် အချက်များနှင့် အကြမ်းဖက်ခံရသူများ၏ အခွင့်အရေးများကိုပါ အတတ်နိုင်ဆုံး စုစည်းဖော်ပြထားသည်။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်း နှင့်စပ်လျဉ်းပြီး တာဝန်ရှိသူများ အတွက် အတိုင်းအတာတစ်ခုထိ အကျိုးပြုမည်ဟုလည်း ယုံကြည်ပါသည်။

နိဂုံးချုပ် အနေဖြင့် ယခု စာအုပ်အားရေးသားထုတ်ဝေရန် ငွေကြေးထောက်ပံ့ပေးပါသော UNICEF (United Nations Children’s Fund) ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ နှင့် EU ဥရောပသမဂ္ဂ ကိုလည်း ကျေးဇူး အထူးတင်ရှိပါကြောင်း နှင့် ဥပဒေရေးရာကူစားရေးအဖွဲ့ (မြန်မာ) မှ လုပ်ဖော်ကိုင်ဖက်များ၊ တရား လွှတ်တော်ရှေ့နေများနှင့် စေတနာရှေ့ထား ဘာသာပြန်ဆိုပေးပါသော ဆရာကြီး ဦးအလုံးမောင် (ညွှန်ကြား ရေးမှူး (ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး) အားလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်း တင်အပ်ပါသည်။


ဒေါ်လှလှရီ

တရားလွှတ်တော်ရှေ့နေ နှင့် ဒါရိုက်တာ

Legal Clinic Myanmar

E-mail : legalclinicmyanmar@gmail.com

Hotline : 09266684448, 09266684449

## တိုင်ကြားလာသည့်အခါ လိုက်နာဆောင်ရွက်ရန် အချက်များ

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများသည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ၊ ခေါင်းပုံဖြတ် အမြတ်ထုတ်မှု၊ စော်ကားမှုများ တို့အတွက် တိုင်တန်းလာမှု အခြေအနေ (၃) ရပ်ကို ကိုင်တွယ်ဖြေရှင်းရနိုင်သည်။

(၁) စာဖြင့် တိုင်တန်းလာမှုများ

(၂) နှုတ်ဖြင့်တိုင်တန်းလာမှုများ

(၃) တခြားနည်းလမ်းဖြင့် တိုင်တန်းလာမှုများ

(၁) စာဖြင့် တိုင်တန်းလာမှုများ

စာဖြင့်တိုင်တန်းလာပါက တိုင်တန်းချက်တွင် ပါဝင်သည့်အချက်များကို တိုင်တန်းသူအား မေးမြန်း ရန်လိုအပ်လာမည်ဖြစ်သည်။ ၎င်းကဲ့သို့ မေးမြန်းရန်ခေါ်ယူသည့်အခါ သူ၏ပြောဆိုချက်များကို ထပ်မံပြီး မှတ်တမ်းရေးရန်လိုအပ်ပါသည်။ ၎င်းမှတ်တမ်းတွင် အဓိကအချက်များဖြစ်သော (ဘ) ၁၁ လုံး အားမပါမဖြစ်မေးမြန်းရန်လိုအပ်ပါသည်။

- ဘယ်နေ့
- ဘယ်အချိန်
- ဘယ်နေရာမှာ
- ဘယ်သူက
- ဘယ်သူ့ကို
- ဘာကြောင့်
- ဘယ်လိုလုပ်
- ဘာဖြစ်သွားလဲ
- ဘာဖြစ်ချင်တာလဲ
- ဘာအထောက်အထားရှိလဲ
- ဘယ်သူတွေသိလဲ

အထက်ပါ အချက်အလက်များပါဝင်သည့်စာတွင်စာဖြင့်တိုင်တန်းသူအား၎င်းတိုင်သည့်စာနှင့် မှတ်တမ်းယူသည့် စာ (၂) ခု ထပ်မံပြီး လက်မှတ်ထိုးရန်စေခိုင်းရမည်။ လိုအပ်ပါက လက်ဗွေပါ နှိပ်ခိုင်းရမည်။ အဘယ်ကြောင့်ဆိုသော် တိုင်တန်းလာသူက စိတ်ပြောင်းပြီး တာဝန်ရှိသူက စုံစမ်းစစ်ဆေးနေသည့် အနေအထားတွင်ဖြစ်စေ တစ်ခြားအခြေအနေတစ်ခုခုတွင်ဖြစ်စေ စိတ်ပြောင်းသွားပြီး ၎င်းတာဝန်ရှိသူများအား ပြဿနာရှာနိုင်ပါသည်။ သို့အတွက် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ၊ ခေါင်းပုံဖြတ် အမြတ်ထုတ်မှု၊

စော်ကားမှုများ နှင့် ပတ်သက်ပြီး တိုင်တန်းသူအား မေးမြန်းသည့် အခါတွင်၊ အနည်းဆုံး (၂) ယောက်ဖြစ်သင့်သည်။ ထို့နောက် တိုင်တန်းချက်အား ခေါ်ယူမေးမြန်းသည့်အခါတွင်ရှိနေသော သူက တိုင်တန်းသည့်အတိုင်း ယခုထွက်ဆိုချက်များပေးသည်ကို မိမိအနေဖြင့် သိရှိကြောင်း ကို လက်မှတ်ထိုးပြီး ၎င်းစာအား သေချာစွာ သိမ်းဆည်းရမည်။ လိုအပ်ပါက တိုင်တန်းသူ၏ သဘောတူညီချက်ဖြင့် အသံ record လုပ်ရန်ခွင့်ပြု ချက်တောင်းပြီး လုပ်ထားနိုင်ပြီး သေချာ လျှို့ဝှက်စွာ သိမ်းဆည်းရပါမည်။

(၂) နှုတ်ဖြင့်တိုင်တန်းလာသူများ

နှုတ်ဖြင့် လာတိုင်တန်းသူများရှိလာပါက သေချာစွာ မှတ်တမ်းယူရန်လိုအပ်ပါသည်။ အထက် ဖော်ပြပါ ဘ (၁၁) လုံး မေးမြန်းချက်များအပြင် သေချာအသေးစိတ်သောဖြစ်စဉ်အား နှုတ်ဖြင့်တိုင် တန်းလာသူအား မေးမြန်းရန် လိုအပ်ပါသည်။ အသေးစိတ်မေးသည့်အခါ ဖြစ်စဉ်များကို တစ်ခုချင်း သေချာစွာ မှတ်တမ်းရေးရမည့်အပြင် လိုအပ်ပါက တိုင်တန်းသူ၏ သဘောတူညီချက်ဖြင့် recording သွင်း ထားရန်လိုအပ်ပါသည်။ နောက်ဆုံးတိုင်တန်းသူအား အစအဆုံးဖတ်ခိုင်းပြီး မှန်ကန်ကြောင်း လက်မှတ် ထိုးရပါမည်။ လိုအပ်ပါက လက်ဗွေနှိပ်ရပါမည်။ တိုင်တန်းလာသူသည် စာရေးဖတ်ရန် အခက်အခဲရှိပါက တစ်ယောက်က ဖတ်ပြပြီး မှန်ကန်ကြောင်းလက်မှတ်ထိုးရန်လိုအပ်မည်ဖြစ်သည်။ တိုင်တန်းသူ ၏တိုင်ချက်များကို တိုင်တန်းကြောင်း သိရှိသူက သိရှိကြောင်းလက် မှတ်ထပ်မံထိုးရပါမည်။

(၃) တခြားနည်းဖြင့် တိုင်တန်းလာသူများ

စိတ်ပိုင်းဆိုင်ရာဖြစ်စေ ရုပ်ပိုင်းဆိုင်ရာ ဖြစ်စေ အသက်မပြည့်သေးသည့် ကလေးသူငယ်များ နှင့်ပတ်သက်ပြီး တိုင်ကြားလာသည့်အခါ သာမန်လူကြီးများ လက်ခံတွေ့ဆုံသည့် အနေအထား ဖြင့် လက်ခံတွေ့ဆုံသည်ထက် ထူးခြားသော လုပ်ဆောင်ပေးမှုများလိုအပ်ပါမည်။

**သတိပြုရန်**

စာနှင့် တိုင်တန်းသည်ဖြစ်စေ၊ နှုတ်နှင့် တိုင်တန်းလာသည် ဖြစ်စေ ၎င်း တိုင်တန်းချက်များအား တိုင်တန်းသူနှင့် သိရှိထားသူများက လက်မှတ်မထိုးထားသည့် အနေအထားများနှင့် သက်ဆိုင်သူများက စုံစမ်းစစ်ဆေး နေသည့် အနေအထားတွင်၊ တိုင်တန်းသူမှ စိတ်ပြောင်းသွားသည့်အခါတွင်ဖြစ်စေ တစ်ဖက်နှင့် ကျေအေး အဆင်ပြေ သည့်အချိန်တွင်လည်းကောင်း တိုင်တန်းချက်သည်မဟုတ်ကြောင်း မိမိအနေဖြင့် မတိုင်ကြောင်း ငြင်းဆို လာနိုင်သလို ၎င်း၏ နောက်ဆက်တွဲအဖြစ် တစ်ဖက်လူမှနိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေဖြင့်ဖြစ်စေ၊ အသရေဖျက်မှုဖြင့်ဖြစ်စေ စွဲဆိုလာနိုင်သည်။

# လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု၊ စော်ကားမှုများ နှင့် ဆိုင်သော ဥပဒေမူဘောင်များ

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများသည် မြန်မာနိုင်ငံ၏ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်မှုနှင့် စော်ကားမှုများ နှင့် ပတ်သက်ပြီး ဥပဒေပိုင်းဆိုင်ရာ ပြဌာန်းချက်များကိုလည်း သိရှိထားရန် လိုအပ်သည်။ ယင်းကဲ့သို့ သိရှိထားမှသာ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်မှု နှင့် စော်ကားမှုများ တို့နှင့်ပတ်သက်ပြီး ဖြစ်ပွားလာသော အမှုများကို ကိုင်တွယ်ဆောင်ရွက်ဆွေးနွေး ဖြေရှင်းသည့် အခါ ပိုပြီးထိရောက်မှုရှိမည်ဖြစ်ပြီး ခံရသူ၏ တရားမျှတမှုအတွက် ထိရောက်စွာ ဆောင်ရွက် ပေးနိုင် မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု၊ခေါင်းပုံဖြတ်မှု ၊ စော်ကားမှုများ နှင့် ပတ်သက်လျှင် ဥပဒေ (၃) ခုကို အဓိက လေ့လာသိရှိထားရန်လိုအပ်ပါသည်။ ၎င်းဥပဒေ (၃) ခု မှ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်မှု၊ စော်ကားမှုများ များနှင့် ဆက်စပ်သည့် ပုဒ်မ၊ ပြစ်ဒဏ် များကို စုစည်းဖော်ပြ ထားပါသည်။ ထို့အပြင် ရဲအရေးပိုင်ခြင်းနှင့် ဖမ်းဆီးရနိုင်သည့်အခြေအနေနှင့် ကျေအေးခွင့်ရှိမရှိများကိုပါ ဖော်ပြထားပါသည်။

(၁) ရာဇသတ်ကြီး (၁၈၆၀)

(၂) လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ (၂၀၀၅)

(၃) ကလေးသူငယ်အခွင့်အရေး များဆိုင်ရာဥပဒေ (၂၀၁၉)

(၄) ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေ (၁၉၄၉)

## (၁) ရာဇသတ်ကြီးပါ ဖော်ပြချက်များ

<u>ညစ်ညမ်းသောစာအုပ် နှင့် ဆက်စပ်မှုများ</u>

ပုဒ်မ-၂၉၂။ မည်သူမဆို -

(က) ညစ်ညမ်းသောစာအုပ်၊ စာအုပ်ငယ်၊ စာရွက်စာတမ်း၊ ရေးဆွဲသောပုံ၊ ပန်းချီကား၊ ပုံသဏ္ဍာန်ရုပ်ပုံ တစ်မျိုးမျိုး (သို့မဟုတ်) ညစ်ညမ်းသော အရာဝတ္ထုကို ရောင်းခြင်း၊ ထုတ်ငှားခြင်း၊ ဝေငှခြင်း၊ အများပြည်သူတို့ မြင်သာ အောင် ပြခြင်း၊ တစ်ခုခုကိုပြုလျှင် (သို့မဟုတ်) နည်းတမျိုးမျိုးဖြင့် ဖြန့်ချိခြင်းပြုလျှင် (သို့မဟုတ်) ရောင်းခြင်း၊ ထုတ်ငှားခြင်း၊ ဝေငှခြင်း၊ အများပြည်သူတို့ မြင်သာအောင် ပြခြင်း၊ ဖြန့်ချိခြင်း ကိစ္စတစ်ခုခုအလို့ငှာပြုလျှင် (သို့ မဟုတ်) ထုတ်လုပ်လျှင် (သို့မဟုတ်) လက်ရှိထားလျှင် (သို့မဟုတ်)

(ခ) ညစ်ညမ်းသော အရာဝတ္ထုတစ်ခုခုကို အထက်အဆိုပါ ကိစ္စတစ်ခုခုအတွက် (သို့မဟုတ်) ထိုအရာဝတ္ထုတစ်ခုခု ကို ရောင်းခြင်း၊ ထုတ်ငှားခြင်း၊ ဝေငှခြင်း၊ အများပြည်သူတို့ မြင်သာအောင် ပြခြင်း၊နည်းတမျိုးမျိုးဖြင့် ဖြန့်ချိခြင်း၊

တစ်ခုခုပြုမည်ဖြစ်ကြောင်းကို သိလျက်နှင့် သော်လည်းကောင်း၊ ထိုသို့ယုံကြည်ရန် အကြောင်းရှိလျက်နှင့်သော်လည်းကောင်း၊ နိုင်ငံတွင်းသို့ သွင်းခြင်း၊ နိုင်ငံအပြင်သို့ ထုတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း တစ်ခုခုပြုလျှင် (သို့မဟုတ်)

(ဃ) ဤပုဒ်မအရ ပြစ်မှုဖြစ်သော ပြုလုပ်မှုတစ်ခုခုတွင် တစ်ဦးတစ်ယောက်သောသူ ပါဝင်ဆောင်ရွက် ကြောင်းကို (သို့ မဟုတ်) ပါဝင်ဆောင်ရွက်ရန် အသင့်ရှိကြောင်းကို ဖြစ်စေ၊ အဆိုပါ ညစ်ညမ်းသော အရာဝတ္ထု တစ်ခုခုကို တစ် ဦး တစ်ယောက်ထံမှသော် လည်းကောင်း၊ တစ်ဆင့်သော်လည်းကောင်း ရယူနိုင်ကြောင်းကိုဖြစ်စေ နည်းတစ်မျိုး မျိုးဖြင့် ကြော်ငြာလျှင် (သို့မဟုတ်) ကြားသိစေလျှင် (သို့မဟုတ်)

(င) ဤပုဒ်မအရ ပြစ်မှုဖြစ်သော ပြုလုပ်မှုတစ်ခုခုကိုပြုရန် ကမ်းလှမ်းလျှင် (သို့မဟုတ်) အားထုတ်လျှင် ထိုသူကို သုံးလထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ရဲအရေးပိုင်သည်။ ဦးစွာဂရမ်းထုတ်ဆင့်ဖမ်းဆီးနိုင်သည်။ အာမခံပေးရမည်။ ကျေအေးခွင့်မရှိ။

<u>ညစ်ညမ်းသော အရာဝတ္ထု (Obscene objects) များကို ငယ်ရွယ်သူတို့အား ရောင်းခြင်း စသည်များ၊</u>

ပုဒ်မ-၂၉၃။ မည်သူမဆို တဆက်တည်းဖြစ်သော အထက်ပုဒ်မတွင် ဖော်ပြထားသည့် ညစ်ညမ်းသော အရာဝတ္ထု တစ်ခု ခု ကို အသက် နှစ်ဆယ် မပြည့်သေးသောသူ တစ်ဦးတစ်ယောက်သို့ ရောင်းခြင်း၊ ထုတ်ငှားခြင်း၊ ဝေငှခြင်း၊ ပြခြင်း၊ ဖြန့်ချိခြင်း တစ်ခုခုပြုလျှင် (သို့မဟုတ်) ထိုသို့ပြုရန် ကမ်းလှမ်းခြင်း၊ အားထုတ်ခြင်း တစ်ခုခုပြုလျှင် ထိုသူကို ခြောက်လအထိ ထောင် ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ရဲအရေးပိုင်သည်။ ဦးစွာဂရမ်းထုတ်ဆင့်ဖမ်းဆီးနိုင်သည်။ အာမခံပေးရမည်။ ကျေအေးခွင့်မရှိ။

<u>ပုဒ်မ ၂၉၄ ။ ညစ်ညမ်းသောပြုလုပ်မှုများနှင့် ညစ်ညမ်းသော သီချင်းများ</u>

မည်သူမဆို အခြားသူများကို စိတ်ငြိုငြင်အောင်

(က) အများပြည်သူဆိုင်ရာ နေရာတစ်ခုခုတွင် ညစ်ညမ်းသော ပြုလုပ်မှုတစ်ခုခုကိုပြုလျှင် သို့မဟုတ် (ခ) အများပြည်သူဆိုင်ရာ နေရာတစ်ခုခုတွင်ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ၊ ညစ်ညမ်းသော ကဗျာ၊ လင်္ကာ၊ သီချင်း၊ စကားတစ်မျိုးမျိုးကို ရွက်ဆိုခြင်း၊ သီဆိုခြင်း၊ ပြောဆိုခြင်း တခုခုပြုလျှင် ထိုသူကို သုံးလထိထောင် ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ရဲအရေးပိုင်သည်။ ဦးစွာဂရမ်းထုတ်ဆင့်ဖမ်းဆီးနိုင်သည်။ အာမခံပေးရမည်။ ကျေအေးခွင့်မရှိ။

<u>မိန်းမ၏ ကာယိန္ဒြေပျက်စီးစေရန်အကြံဖြင့် လက်ရောက်မှုကျူးလွန်ခြင်း (သို့မဟုတ်) ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုခြင်း၊</u>

ပုဒ်မ-၃၅၄။ မည်သူမဆို မိန်းမတစ်ဦး၏ ကာယိန္ဒြေကို ပျက်စီးစေရန်အကြံဖြင့်သော် လည်းကောင်း၊ ကာယိန္ဒြေဖျက်စီး တန်ရာသည်ကို သိလျက်နှင့်သော် လည်းကောင်း၊ ထိုမိန်းမကို လက်ရောက်မှုကျူးလွန်လျှင်

(သို့မဟုတ်) ရာဇဝတ်မကင်း သော အနိုင်အထက်ပြုမှုကိုပြုလျှင် ထိုသူအား နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ရဲအရေးပိုင်သည်။ ဦးစွာဖရမ်းထုတ်ဆင့်ဖမ်းဆီးနိုင်သည်။ အာမခံပေးရမည်။ ကျေအေးခွင့်မရှိ။

<u>အတင်းအဓမ္မ ထိမ်းမြားပေးစားရန် စသည်တို့အတွက် မိန်းမကို ခိုးယူမှု (သို့မဟုတ်) သွေးဆောင်ဆွဲခေါ်မှု (သို့မဟုတ်) သွေးဆောင်မှု။</u>

ပုဒ်မ-၃၆၆။ မိန်းမက အလိုမတူဘဲ ထိုမိန်းမကို တစ်ဦးတစ်ယောက်သောသူနှင့် ထိမ်းမြားပေးစားခြင်းငှာ အတင်းအဓမ္မ ပြုရန် အကြံနှင့်သော် လည်းကောင်း၊ ထိုသို့ အတင်းအဓမ္မပြုခြင်းခံရမည့် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော် လည်းကောင်း၊ အနိုင်အထက်ပြုခြင်းဖြင့်ဖြစ်စေ၊ ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ၊ မတရားသဖြင့် ကာမစပ်ယှက်စေရန်သော် လည်းကောင်း၊ ထိုသို့ အနိုင်အထက်ပြုခြင်း (သို့မဟုတ်) ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို မိန်းမတစ်ဦးတစ်ယောက်အား ခိုးယူလျှင် (သို့မဟုတ်) သွေးဆောင်ဆွဲခေါ်လျှင် ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် ဤရာဇသတ်ကြီးတွင် အဓိပ္ပာယ်ဖော်ပြသည့် ရာဇဝတ်မကင်းသော ခြောက်လှန့်ခြင်းနည်းဖြင့်သော် လည်းကောင်း၊ မိမိအခွင့်အာဏာကို အလွဲသုံးစားပြုခြင်းဖြင့်သော် လည်းကောင်း၊ အခြား အတင်းအဓမ္မနည်း တနည်းနည်းဖြင့် သော် လည်းကောင်း၊ အနိုင်အထက်ပြုခြင်းဖြင့်ဖြစ်စေ၊ ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်း ဖြင့်ဖြစ်စေ မိန်းမတစ်ဦး တစ် ယောက်ကို အခြားသူတစ်ဦးတစ်ယောက်နှင့် မတရားသဖြင့် ကာမစပ်ယှက်စေရန် အကြံနှင့်သော်လည်းကောင်း၊ ထိုသို့ ကာမ စပ်ယှက်ခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ မည်သူမဆို ထိုမိန်းမအား တစ်နေရာရာမှ ထွက် သွားစေရန် သွေးဆောင်လျှင် ထိုသူကို အထက်ကဖော်ပြသည့်အတိုင်း ပြစ်ဒဏ်ချမှတ်ရမည်။

ရဲအရေးပိုင်သည်။ ဦးစွာဖရမ်းထုတ်ဆင့်ဖမ်းဆီးနိုင်သည်။ အာမခံမပေးနိုင်။ ကျေအေးခွင့်မရှိ။

<u>ကာမပွဲစားအဖြစ်ဖြင့် အရွယ်မရောက်သေးသော မိန်းကလေးကိုရှာပေးခြင်း။</u>

ပုဒ်မ-၃၆၆(က)။ အနိုင်အထက်ပြုခြင်းဖြင့်ဖြစ်စေ၊ ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ ဆယ့်ရှစ်နှစ်အောက် မိန်းကလေးတစ်ယောက်ကို အခြားသူတစ်ဦးတစ်ယောက်နှင့် မတရားသဖြင့် ကာမစပ်ယှက်စေရန် အကြံဖြင့်သော် လည်းကောင်း၊ ထိုသို့ အနိုင်အထက်ပြုခြင်း (သို့မဟုတ်) ကာမသွေးဆောင်ခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော် လည်းကောင်း၊ ထိုမိန်းကလေးအား တစ်နေရာရာမှ ထွက်သွားစေရန် (သို့မဟုတ်) ပြုလုပ်မှုတစ်ခုခု ကိုပြုစေရန် မည်သူမဆို တစ်နည်းနည်းဖြင့် ထိုမိန်းကလေးကို သွေးဆောင်လျှင် ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ရဲအရေးပိုင်သည်။ ဦးစွာဖရမ်းထုတ်ဆင့်ဖမ်းဆီးနိုင်သည်။ အာမခံမပေးနိုင်။ ကျေအေးခွင့်မရှိ။

<u>အပြင်းအထန်နာကျင်စေခြင်း၊ ကျွန်ပြုခြင်း စသည်တို့ကိုခံစေရန် လူကိုခိုးမှု (သို့မဟုတ်) သွေးဆောင်ဆွဲခေါ်မှု</u>

ပုဒ်မ-၃၆၇။ အပြင်းအထန်နာကျင်စေခြင်းကို (သို့မဟုတ်) ကျွန်ပြုခြင်းကို (သို့မဟုတ်) ဓမ္မတာအတိုင်း မဟုတ်သည့် တဏှာရာဂဒဏ်ကို ခံစေရန်သော်လည်းကောင်း၊ ထိုသို့ ခံရမည့်ဘေးရောက်လောက်အောင် စီမံခန့်ခွဲနိုင်ရန်သော် လည်း ကောင်း၊ ထိုသို့ခံရမည်ဖြစ်တန်ရာသည်ကို (သို့မဟုတ်) ထိုသို့စီမံခန့်ခွဲခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော် လည်းကောင်း၊ မည်သူမဆိုတစ်ယောက်သောသူအား ခိုးယူလျှင် (သို့မဟုတ်) သွေးဆောင်ဆွဲခေါ်လျှင် ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ရဲအရေးပိုင်သည်။ ဦးစွာဂရမ်းထုတ်ဆင့်ဖမ်းဆီးနိုင်သည်။ အာမခံမပေးနိုင်။ ကျေအေးခွင့်မရှိ။

<u>မုဒိမ်းမှု</u>

ပုဒ်မ-၃၇၅။ ဤမှ နောက်တွင် ကင်းလွတ်ချက်ပြုထားသည့်မှတစ်ပါး အောက်ဖော်ပြပါ အကြောင်းငါးရပ်တွင် သက်ဝင် သော အကြောင်းတစ်ရပ်ရပ်ဖြင့် ယောကျ်ားသည် မိန်းမနှင့် ကာမစပ်ယှက်လျှင် ထိုသူသည် မုဒိမ်းမှု ကို ကျူးလွန်သည်မည်၏ -

ပထမ။ မိန်းမက အလိုမတူ ငြင်းဆန်ခြင်း။

ဒုတိယ။ မိန်းမက ခွင့်မပြုခြင်း။

တတိယ။ မိန်းမက ခွင့်ပြုသော်လည်း ထိုသို့ခွင့်ပြုရခြင်းမှာ ထိုမိန်းမအား သေစေမည်ဟုသော်လည်းကောင်း၊ နာကျင်စေ မည်ဟုသော်လည်းကောင်း ကြောက်ရွံ့ အောင်ပြုသဖြင့် ခွင့်ပြုရခြင်း။

စတုတ္ထ။ မိန်းမကခွင့်ပြုသော်လည်း ယောကျ်ားက မိမိသည် ထိုမိန်းမ၏ လင်မဟုတ်ကြောင်း သိသည့်အပြင် ထိုမိန်းမက ခွင့်ပြုခြင်းမှာလည်း မိမိကို ဥပဒေနှင့်အညီ လက်ထပ်ထားသော (သို့မဟုတ်) ထိုသို့ လက်ထပ်ထားသည်ဟု ယုံကြည်သော အခြားယောကျ်ားဖြစ်သည်ဟု ယုံကြည်၍သာ ခွင့်ပြုကြောင်းကို ထိုယောကျ်ားကသိခြင်း။

ပဥ္စမ ။ မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက်ဆယ့်ခြောက်နှစ်အောက် အရွယ် ရှိသူဖြစ်ခြင်း။

ရှင်းလင်းချက်။ ယောကျ်ားတို့၏ အင်္ဂါဇာတ်သည် မိန်းမ၏ အင်္ဂါဇာတ်တွင် သွင်းဝင်မိလျှင် မုဒိမ်းမှုကျူးလွန်ခြင်းအတွက် လိုအပ် သော ကာမစပ်ယှက်မှုမြောက်ရန် လုံလောက်သည်။

ကင်းလွတ်ချက်။ ယောကျ်ားသည် အသက် ဆယ့်ငါးနှစ်အောက် မဟုတ်သော မိမိ၏ မယားနှင့် ကာမစပ်ယှက်ခြင်းမှာ မုဒိမ်း မှု မဟုတ်။

ပုဒ်မ-၃၇၆။ (၁) မည်သူမဆို ပုဒ်မခွဲ (၂) နှင့် (၃) တို့ပါ မုဒိမ်းမှု ဖြစ်မှုများမှအပ မုဒိမ်းမှုကို ကျူးလွန်လျှင် ထောင်ဒဏ် နှစ်နှစ်ဆယ်ဖြစ်စေ၊ တစ်ဆယ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ် လည်း ချမှတ်ခြင်းခံရမည်။

(၂) မည်သူမဆို မိမိ၏ မယားဖြစ်ပြီး အသက် တစ်ဆယ့်နှစ်နှစ်အောက် မပတ်လျှင် နှစ်နှစ်အထိ ထောင် ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(၃) မည်သူမဆို အသက် တစ်ဆယ့်နှစ်နှစ်အောက် မိန်းမကို မုဒိမ်းမှုကျူးလွန်လျှင် ထောင်ဒဏ် တစ်သက် ဖြစ်စေ၊ ထောင်ဒဏ် နှစ်နှစ်ဆယ်ဖြစ်စေ ချမှတ်ခြင်းခံရမည်။

ရဲအရေးပိုင်သည်။ ဦးစွာဂရမ်းထုတ်ဆင့် ဖမ်းဆီးနိုင်သည်။ အာမခံမပေးနိုင်။ ကျေအေးခွင့်မရှိ။

<u>ဓမ္မတာနှင့် ဆန့်ကျင်သောပြစ်မှု</u>

ပုဒ်မ-၃၇၇။ ယောက်ျားနှင့်ဖြစ်စေ၊ မိန်းမနှင့်ဖြစ်စေ၊ တိရစ္ဆာန်နှင့်ဖြစ်စေ မည်သူမဆို မိမိအလျောက် ဓမ္မတာနှင့် ဆန့်ကျင် သော ကာမစပ်ယှက်မှုကိုပြုလျှင် ထိုသူကို ထောင်ဒဏ် နှစ်နှစ်ဆယ် ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ချမှတ် ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ရဲအရေးပိုင်သည်။ ဦးစွာဂရမ်းထုတ်ဆင့် ဖမ်းဆီးနိုင်သည်။ အာမခံမပေးနိုင်။ ကျေအေးခွင့်မရှိ။

<u>ငွေ၊ ကာမ၊ ပစ္စည်း၊ စာရွက်စာတမ်းလိမ်လည်မှု</u>

ပုဒ်မ-၄၁၇။ မည်သူမဆို၊ လိမ်လည်မှုကျူးလွန်လျှင် ထိုသူကို သုံးနှစ် ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

ရဲအရေးမပိုင်။ ဦးစွာဂရမ်းထုတ်ဆင့်ဖမ်းဆီးနိုင်သည်။ အာမခံပေးရမည်။ တရားစွဲဆိုသည့် အမှုစစ်ဆေးဆဲတွင် တရားရုံး၏ ခွင့်ပြု ချက်အရ ကျေအေးနိုင်သည်။

<u>မိန်းမတို့ ကာယိန္ဒြေကိုစော်ကားရန် ရည်ရွယ်ထားသောစကား (သို့မဟုတ်) ကိုယ်အမူအရာ (သို့မဟုတ်) ပြုလုပ်မှု၊</u>

ပုဒ်မ-၅၀၉။ မည်သူမဆို မိန်းမတစ်ဦးဦး၏ ကာယိန္ဒြေကို စော်ကားရန်ကြံရွယ်၍ ပြောဆိုခြင်းပြုသည်တွင် (သို့မဟုတ်) အသံပြုသည်တွင် (သို့မဟုတ်) ကိုယ်အမူအရာကို ပြသသည်တွင် (သို့မဟုတ်) အရာဝတ္ထုတစ်ခုခုကို ပြသည်တွင် ပြောဆို သော စကားကို ဖြစ်စေ၊ ပြုသောအသံကို ဖြစ်စေ၊ ထိုမိန်းမအား ကြားစေရန် ကြံရွယ်လျှင် (သို့မဟုတ်) ပြုသောကိုယ် အမူ အရာကို ဖြစ်စေ၊ ပြသော အရာဝတ္ထုကိုဖြစ်စေ၊ ထိုမိန်းမအားမြင်စေရန် ကြံရွယ်လျှင် (သို့မဟုတ်) ထိုမိန်းမ၏ ကာယိန္ဒြေကို စော်ကားရန် ကြံရွယ်၍ ထိုမိန်းမ၏ စိတ်ကွယ်ရာသို့ ကျူးကျော်လျှင် ထိုသူကို တစ်နှစ်ထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ရဲအရေးမပိုင်။ ဦးစွာဂရမ်းထုတ်ဆင့်ဖမ်းဆီးနိုင်သည်။ အာမခံပေးရမည်။

တရားစွဲဆိုသည့်အမှုစစ်ဆေးဆဲတရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျေအေးနိုင်သည်။

<u>ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ</u>

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအရ အမှု အားလုံးအား ပုဒ်မ (၁၁၇) အရ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

ပုဒ်မ-၁၀၁(ဂ)။ မည်သူမဆိုအောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးလမှ အများဆုံး တစ်နှစ် အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်း မှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

(၁) ကလေးသူငယ်အား သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ မိဘ၊ အုပ်ထိန်းသူ (သို့မဟုတ်) ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးလွတ်မြောက်ရန် သွေးဆောင်ခြင်း၊ အကူအညီပေးခြင်း၊ ထွက် ပြေး လွတ်မြောက်လာသည့် ကလေးသူငယ်ဖြစ်သည်ကို သိလျက်နှင့် လက်ခံခြင်း၊ ပုက်ထားခြင်း (သို့ မဟုတ်) မူလနေရာသို့ ပြန်မသွားရန် တားဆီးပိတ်ပင်ခြင်း။

(၂) ကလေးသူငယ်၏ လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်းသည့် ခန္ဓာကိုယ် အစိတ်အပိုင်းအား ထိတွေ့ ပွတ်သပ် ကိုင်တွယ် ခြင်း။

ပုဒ်မ-၁၀၃(က)။ မည်သူမဆို ကလေးသူငယ်အား အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ရှစ်လ မှ အများဆုံး ငါးနှစ် အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ရှစ်သိန်း မှ အများဆုံး ကျပ် ၁၆ သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(၁) မသန်စွမ်းကလေးသူငယ်အား နိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ ခေါင်းပုံဖြတ်ခြင်း (သို့မဟုတ်) ခွဲခြားဆက်ဆံခြင်း၊

(၂) ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ (သို့မဟုတ်) ဂုဏ်သိက္ခာဆိုင်ရာ ထိခိုက်မှုဖြစ်စေသော အလုပ်လုပ်ရန် ခိုင်းစေ ခြင်း၊

(၃) ဘေးအန္တရာယ်ရှိသော အလုပ်ကိုဖြစ်စေ၊ ကျန်းမာရေးထိခိုက်စေသော အလုပ်ကိုဖြစ်စေခိုင်းစေခြင်း (သို့မဟုတ်) လုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(၄) အခမဲ့ အလုပ်ခိုင်းစေခြင်း (သို့မဟုတ်) အခမဲ့ ဝန်ဆောင်မှုပေးစေခြင်း၊

(၅) နှိပ်စက်ညှင်းပမ်းမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော (သို့မဟုတ်) ဂုဏ်သိက္ခာကျဆင်းစေသော နှိမ့်ချ ပြုမူဆက်ဆံမှုတို့ ပြုကျင့်ခြင်း၊

ပုဒ်မ-၁၀၅(ခ) ။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ် မှ အများဆုံး တစ်ဆယ်နှစ် ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၂ သိန်း မှ အများဆုံး ကျပ် ၁၅ သိန်း အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(၁) ကလေးသူငယ်ကို ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊

(၂) ကလေးသူငယ်အား ပြည့်တန်ဆာအဖြစ် ခိုင်းစေ၍ ရှာဖွေရရှိသည့် အကျိုးစီးပွားကို မှီခို၍ အသက်မွေးခြင်း၊

(၃) လိင်ပိုင်းဆိုင်ရာ အလွဲသုံးခြင်း (သို့မဟုတ်) ခေါင်းပုံဖြတ်ခြင်းပြုရန် ကလေးသူငယ်ကို အသုံးပြုခြင်း၊ ငွေ (သို့မဟုတ်) ပစ္စည်းကို ပေး၍ ခေါ်ယူခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း (သို့မဟုတ်) ကမ်းလှမ်းခြင်း၊

<u>လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပါ ပြစ်မှု ပြစ်ဒဏ်များ</u>

ပုဒ်မ-၂၄။ မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် လူငယ်များအား လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၁၀)နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့် အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

ပုဒ်မ-၂၅။ မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များမှအပ အခြားသူတစ်ဦးဦးကို လူကုန်ကူးမှုကျူးလွန် ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၅)နှစ်မှ အများဆုံး ထောင်ဒဏ် (၁၀)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

ပုဒ်မ-၂၆။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၃)နှစ်မှ အများဆုံး ထောင်ဒဏ် (၇)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(က) လူကုန်ကူးမှု ကျူးလွန်ရန်အလို့ငှာ လိမ်လည်လှည့်ဖြား၍ သူတစ်ဦးဦးအား မွေးစားခြင်း (သို့မဟုတ်) ထိမ်းမြား လက်ထပ်ခြင်း။

(ခ) လူကုန်ကူးခံရသူကို ပြည်ပသို့ ထွက်ခွာနိုင်စေရန်ဖြစ်စေ၊ ပြည်တွင်းသို့ ဝင်ရောက်နိုင်ရန်ဖြစ်စေ၊ လိုအပ် သော စာရွက်စာတမ်း အထောက်အထား စာတမ်းအမှတ်အသား (သို့မဟုတ်) တံဆိပ်ကို အတုပြုလုပ်ခြင်း (သို့မဟုတ်) တရားမဝင် ရယူပေးခြင်း။

ပုဒ်မ-၂၇။ မည်သူမဆို ညစ်ညမ်းသည့်ပုံ ပြသခြင်းပြုရေးအတွက် လူကုန်ကူးခံရသူကို ခိုင်းစေခြင်း (သို့မဟုတ်) စီစဉ်ခြင်း ပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၅)နှစ်မှ အများဆုံး ထောင်ဒဏ် (၁၀)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ပုဒ်မ-၂၈။ မည်သူမဆို -

(က) ပုဒ်မ ၂၄ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုဖြင့် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် အနှစ် (၂၀) မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ပုဒ်မ-၂၅၊ ပုဒ်မ-၂၆ (သို့မဟုတ်) ပုဒ်မ ၂၇ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူ ပုဒ်မဖြင့် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၁၀)နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ဂ) ဂိုဏ်းဖွဲ့ကျူးလွန်သူ အုပ်စုတွင် အဖွဲ့ဝင်ဖြစ်ကြောင်း ပေါ်ပေါက်လျှင် ထိုသူသည် ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ပါဝင်သည်ဖြစ်စေ၊မပါဝင်သည်ဖြစ်စေ၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ)ပါ ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

<u>၁၉၄၉ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေ</u>

မြန်မာနိုင်ငံ၏ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေအရ ပြည့်တန်ဆာလုပ်ကိုင်ခြင်းသည် တရားမဝင်၊ ပြစ်မှု မြောက်ပါသည်။ သို့ရာတွင်လည်း ပြည့်တန်ဆာကိစ္စများသည် လုပ်ဆောင်လျှက်ရှိကြသည်။

ပုဒ်မ ၃ ။ မည်သူမဆို ပြည်သူတို့နှင့်ဆိုင်သော လမ်း၌သော်၄င်း၊ ပြည်သူတို့နှင့်ဆိုင်သောနေရာ၌ သော်၄င်း ပြည်သူတို့ဝင်ထွက်သွားရောက်မြဲနေရာ၌သော်၄င်း ထိုလမ်းထိုနေရာတို့မှ မြင်ကြားသာအောင် အိမ်၊အဆောင်အဦး၊ အခန်း၊ ရေယာဉ် သို့တည်းမဟုတ် ကုန်းယာဉ် အတွင်းကသော်၄င်း၊ အပကသော်၄င်း

(က) ပြည့်တန်ဆာကိစ္စအလို့ငှာ နှုတ်အမူအရာဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့် ဖြစ်စေ၊ဟိရီသြတ္တပ္ပ တရားကင်းလျှက်၊ မိမိကိုယ်ကာယကို တမင်လှစ်ပြခြင်းဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အာရုံစွဲငြိစေလျှင် ၊စွဲငြိစေရန်အားထုတ် လျှင်၊ သို့တည်းမဟုတ်

(ခ) ပြည့်တန်ဆာကိစ္စအလိုငှါ တစ်ဦးတစ်ယောက်သောသူအား၊ မြူဆွယ်သွေးဆောင်ခြင်း ၊နှောင့်ယှက် ခြင်း၊ တားဆီးခြင်း၊ သို့တည်မဟုတ် အနီးအနားတွင် ရစ်ဂဲ ခြင်းပြုလျှင်

ထိုသူကို အလုပ်ကြမ်းနှင့် (၁)နှစ်အောက်မနည်း (၃)နှစ်ထက်မပိုသော ထောင်ဒဏ်စီရင်နိုင်စေရမည်။ ပြစ်ဒဏ်စီရင်ခြင်းခံရသူသည်မိန်မဖြစ်လျှင် ထိုမိန်းမကို သတ်မှတ်ထားသော ဌာန၌ တားဆီးထိန်းသိမ်းထားခြင်း အားဖြင့် ထောင်ဒဏ်ကျခံစေရမည်။

ပုဒ်မ ၅(၁)။ မည်သူမဆိုအခြားတစ်ဦးတစ်ယောက် ပြည့်တန်ဆာအဖြစ် စီးပွား ရှာဖွေ ရရှိသည်ကို သိလျှက်နှင့် ထိုသူရှာဖွေရရှိသောစီးပွားကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မှီခိုအသက်မွေးမြူလျှင် ထိုသူကို အလုပ်ကြမ်းနှင့် (၁)နှစ်အောက်မနည်း (၅)နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ယောက်ျားဖြစ်လျှင်ကြိမ်ဒဏ်လည်း စီရင်နိုင်စေရမည်။

ပုဒ်မ ၆။ မည်သူမဆို မိန်းမတစ်ဦးတစ်ယောကက်ကို ပြည့်တန်ဆာဖြစ်စေရန်သော်၄င်း၊ ပြည့်တန်ဆာကိစ္စ အလိုငှာပြည့်တန်ဆာအိမ်တွင် သွားရောက်နေထိုင်ကျက်စားစေရန်သော်၄င်း၊ ကြံရွယ်လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုမိန်းမကို ပြည့်တန်ဆာဖြစ်စေရန်သော်၄င်း၊ ပြည့်တန်ဆာကိစ္စအလိုငှာ ပြည့်တန်ဆာအိမ်တွင် သွားရောက် နေထိုင်ကျက်စားစေရန်သော်၄င်း သွေးဆောင်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ ခံရဘွယ်ရှိသည်ကို သိလျှက်နှင့်ဖြစ်စေ၊ ထိုမိန်းမကိုပြည့်တန်ဆာအိမ်မဟုတ်သော လက်ရှိနေရာတစ်ခုခုမှ ထွက်ခွာသွားရန် မည်သည့်နည်းနှင့် မဆို

သွေးဆောင်လျှင် ထိုသို့သွေးဆောင်သောသူကို အလုပ်ကြမ်းနှင့် တစ်နှစ်အောက်မနည်း (၃) နှစ် ထက်မပိုသည့် ထောင်ဒဏ်စီရင်နိုင်စေရမည်။ ယောက်ျားဖြစ်လျှင် ကြိမ်ဒဏ်လည်း စီရင်နိုင်စေရမည်။

ပုဒ်မ ၁၄။ ရာဇဝတ်တရားသူကြီးမှာ ဤအက်ဥပဒေအရတရားစွဲဆိုခြင်းခံရသောသူများအနက်၊အဓိကစွဲဆိုခံရသူမဟုတ်သောသူကို ထိုအမှုဆိုင်ရာအဖြစ်အပျက်အကြောင်းအရာတို့နှင့် စပ်လျဉ်း၍ မိမိတို့ရှေ့၌ သက်သေအဖြစ် စစ်ဆေးပိုင်ခွင့်ရှိစေရှိသည်။ သို့ရာတွင် ထိုသူ၌ ထိုပြစ်မှုနှင့် စပ်လျဉ်း၍ မိမိသိရှိသမျှသော အကြောင်းခြင်းရာအားလုံးကို စုံလင်မှန်ကန်စွာ ထုတ်ဖော်ပြောဆိုလိုသည့် လက္ခဏာရှိစေရမည်။

ပုဒ်မ ၁၅။ ဤအက်ဥပဒေအရ ပြစ်မှုတစ်ခုတွင်ဖက်စပ် ပါဝင်သည်လည်းဖြစ်၍ ပုဒ်မ (၁၄) အရ ရာဇဝတ်တရားသူကြီးရှေ့၌ သက်သေအဖြစ် စစ်ဆေးခြင်းခံရသူလည်း ဖြစ်၍ ထိုသို့စစ်ဆေးသောအခါ ထိုသို့စစ်ဆေးသော အမှုတွင် သက်ဆိုင်ရာ အကြောင်းအားလုံးကိုသိရှိသမျှ စုံလင်မှန်ကန်စွာထုတ်ဖော်ပြောဆိုသည်ဟု ရာဇဝတ်တရားသူကြီးက ထင်မြင်လောက်အောင်ထွက်ဆိုခဲ့သည်လည်းဖြစ်သောသူသည် ရာဇဝတ်တရားသူကြီးထံမှ ထိုကဲ့သို့ ထွက်ဆိုကြောင့် သက်သေခံလက်မှတ်စာကို ရရှိစေရမည် ထိုသို့ရရှိလျှင် ဤအက်ဥပဒေအရ ခံထိုက်သော ပြစ်ဒဏ်မှ ကင်းလွတ်စေရမည်။

ပုဒ်မ ၁၆။ ကာမစပ်ယှက်မှုပြုနေစဉ်ဖြစ်စေ၊ ကာမစပ်ယှက်ကြောင်း သိသာစေသည့် အခြေအနေ၌ ဖြစ်စေ တွေ့ရှိရသူတစ်ဦးတစ်ယောက်အား အမှု၌သက်သေအဖြစ် တင်ပြလျှင် ထိုသူကို အများပြည်သူတို့ မမြင်မကြားနိုင်အောင် ရာဇဝတ် တရားသူကြီးက စစ်ဆေးရမည်။

> အထက်ဖော်ပြပါ ပုဒ်မ (၁၄)၊ (၁၅)၊ (၁၆) တို့ဖော်ပြထားချက်အရ ပြည့်တန်ဆာ များနှင့် ပျော်ပါးသူများမှာ အပြစ်ပေးခံရခြင်းမရှိဘဲ ကင်းလွတ်ခွင့်ပေးခြင်းများ တွေ့ရှိရသည်။ ယခုနောက်ပိုင်း တွင် တစ်ချို့သောပြည့်တန်ဆာများအား အမှုစွဲတင်ရာတွင် ပြည့်တန်ဆာနှင့်ပျော်ပါးသူအမျိုးသားများအား ထည့်သွင်းစွဲဆိုခြင်းမျိုး မတွေ့ရတောပါ။

## လုပ်ထုံးလုပ်နည်းများအား ခြုံငုံတင်ပြချက်

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများ အနေဖြင့် မိမိထံတိုင်ကြားလာသည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်မှု၊ စော်ကားမှုများ နှင့်ပတ်သက်ပြီး တိုင်ကြားသူနှင့်တွေ့ပြီး တိုင်ကြားသည့် အကြောင်းအရာများ အား မှတ်တမ်းယူရမည်ဖြစ်သည်။ မှတ်တမ်းယူသည့် အခါစာနှင့်ရေးသားမှတ်တမ်းယူရမည်ဖြစ်ပြီး လိုအပ်ပါက အသံ recording များလုပ်ထားရမည်ဖြစ်သည်။ စာဖြင့်ရေးသားမှတ်တမ်းယူရာတွင် မှတ်တမ်းပြုထားသည့်

တိုင်ကြားသူ၏ ထွက်ဆိုချက်များကို ဖတ်ပြပြီး တိုင်ကြားသူအား လက်မှတ်ထိုးရမည်။ တိုင်ကြားလာသည့် အခါပြုလုပ်ခံရသူသည် အရွယ်မရောက်သေးသူဖြစ်လျှင် ၎င်း၏ မိဘ (သို့) အုပ်ထိန်းသူရှေ့တွင် ဖတ်ပြပြီး ကလေးကိုယ်စား လက်မှတ်ထိုးစေရမည်။ ၎င်းထွက်ဆိုချက် (သို့) တိုင်ကြားချက်များကိုကြည့်ပြီး လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန် ရှိသူများက တိုင်ကြားလာသူအားမည်သည့် ကုစားမှု နှင့် သက်သာခွင့်များ ရလိုကြောင်းကို မေးမြန်း ရမည်ဖြစ်သည်။ ၎င်းတိုင်တန်းချက်များတွင်ကျူးလွန်သည့် ကိစ္စသည် ဥပဒေနှင့် ငြိစွန်းသည့် လိင်ပိုင်းဆိုင်ရာနှင့် ပတ်သက်သည့် အမှုများဖြစ်နေပါက တိုင်ကြားသူ (သို့) နစ်နာသူက မည်သို့လူမှုရေးအရ ဖြေရှင်းမှုလိုချင်ကြောင်း ပြောလာစေ ကာမူ သက်ဆိုင်ရာ ရဲစခန်း နှင့် တရားရုံးသို့တိုင်တန်းရန် ညွှန်းပို့ရမည်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဥပဒေနှင့် ငြိစွန်းသည့် အမှု ကိစ္စများအား သတင်းပေးရန်တာဝန်ရှိသူက သတင်းပေးရန် တမင်ပျက်ကွက်မှုဖြင့် ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး)ပုဒ်မ (၂၀၂) ဖြင့် အရေးယူခြင်းခံရနိုင်သည်။ သို့ဖြစ်ပါ၍ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများ များသည် မိမိထံသို့ရောက်လာသည့် အမှုကိစ္စများကို ရုံးတွင်း မူဝါဒများ၊စည်းမျဉ်းများဖြင့် စုံစမ်းအရေးယူ ရမည့် အပိုင်းရှိသလို သက်ဆိုင်ရာဌာနများသို့. တိုင်တန်းရန် ညွှန်ပို့ခြင်း၊ သတင်းပေးခြင်းများကို ဆောင်ရွက်ရမည်။ အမှုများအား ရုံးတွင်း မူဝါဒများနှင့် အရေးယူရုံမျှဖြင့် လုံလောက်မှုရှိမည် မဟုတ်ကြောင်းသတိထားရပေမည်။ ဥပဒေဖြင့် မငြိစွန်းသည့် တစ်ချို့သော အခြေအနေများကိုသာ တိုင်တန်းလာသည့် အနေအထားတွင် ကာယကံရှင် တိုင်တန်းလာသူ (သို့) ကျူးလွန်ခံရသူ၏ သဘောဆန္ဒကို မေးမြန်းပြီး ကျူးလွန်သူဟု စွပ်စွဲခံရသူနှင့် ညှိနှိုင်းခြင်းများ၊ ဖြေရှင်းခြင်းများကို ဆောင်ရွက်နိုင် သည်။ ဥပဒေနှင့် ငြိစွန်းနေသည့် တိုင်တန်းချက်များအား သက်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်ကို မစောင့်ဆိုင်းဘဲ အဆောတလျှင် ဆုံးဖြတ်အပြစ်ပေးအရေးယူခြင်း၊ အကြောင်းကြားခြင်း၊ ထုတ်ပြန်ကြေညာချက်များကို သတိထား ဆောင်ရွက်ရမည်။ အဘယ်ကြောင့်ဆိုသော် သက်ဆိုင်ရာ တရားရုံးတစ်ရုံး၏ ဆုံးဖြတ်ချက်သည်သာ ဥပဒေအရ တရားဝင်သဖြင့် တဖက်က ၎င်းဆုံးဖြတ်ချက်နှင့် ကွဲလွဲသည်အနေအထားများတွင် အသရေဖျက်မှုဖြင့် ဆုံးဖြတ်သူများနှင့် တိုင်တန်းသူ (သို့) အကြမ်းဖက်ခံရပြီးနစ်နာသူအား တန်ပြန် တရားစွဲဆိုခြင်းဖြင့် ရင်ဆိုင်ရနိုင်သည်။ တရားလို၏တိုင်တန်းချက်များ ကို လက်ခံတွေ့ဆုံသည့် နေမှစပြီး နှစ်ဦးနှစ်ဖက် ညှိနှိုင်းသည့်အခြေအနေ၊ စုံစမ်းစစ်ဆေး သည့် ဖြစ်စဉ် အားလုံးကိုစာဖြင့် ရေးသားမှတ်တမ်း တင်ထား ရန် လိုအပ်သည်။ မှတ်တမ်းတင်ထားချက်များအား စုံစမ်းစစ်ဆေးသည့်အခါတွင်ပါဝင်သူများအားလုံး သေချာ လက်မှတ်ရေးထိုးသိမ်းဆည်ထားရန်လိုအပ်ပါသည်။ ရုံးတွင်း ၊ဌာနတွင်း သက်ဆိုင်ရာ မူဝါဒများ၊ စည်းမျဉ်းများအရေးယူပြီးသည့် နောက်ပိုင်းတွင် လည်း ဖြေရှင်းချက်များကို ကျေနပ်ကြောင်း လက်မှတ်ထိုး ထားရမည်။ တစ်ချို့သောသူများမှာ စိတ်ပြောင်းသွားပြီး ဖြေရှင်းပြီးနောက်ပိုင်းတွင် မှ အတင်းအကြပ် ကျေအေးခိုင်းသောကြောင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများကို ပြဿနာရှာလာနိုင်သဖြင့် ၎င်းအခြေအနေကို ကြိုတင်ပြီး ကာကွယ်သွားရန်ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာ

ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများသည် မိမိဖြေရှင်းပြီးသည့် file များကို အတတ်နိုင်ဆုံး လျှို့ဝှက်စွာထိန်းသိမ်းထားရန် နှင့် ၎င်းမှတ်တမ်းများသည် လိုအပ်ပါက တရားရုံးတွင် တင်သွင်းရ မည့်သက်သေအထောက်အထားများ ဖြစ်နိုင်သည်။ မိမိတို့ ဖြေရှင်းအရေးယူသည့် အခြေအနေများနှင့် တွေ့ရှိချက်များ၊ စာရွက်စာတမ်းများအား ရဲစခန်း နှင့် တရားရုံး များက ဆင့်ခေါ်သည့်အခါ ပြောဆိုရုံမှတပါး ရုံးတွင်း တွင်ဖြစ်စေ၊ တခြားသက်ဆိုင်သူများကို အတတ်နိုင်ဆုံး မဖြန့်ဝေ ၊ မပေါက်ကြားစေရန် အရေးကြီး သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ဆုံးဖြတ်ပြီး အရေးယူမှုများသည် တရားရုံး၏ အရေးယူ ဆုံးဖြတ်ချက် မဟုတ်သေးသည့်အတွက် ကျူးလွန်သည်ဟု စွပ်စွဲခံရသူက ၎င်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စအား လူများသိအောင်လုပ်ခြင်းသည် ၎င်း၏ ဂုဏ်သိက္ခာ ထိပါးမှုအတွက် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများ အပါအဝင် ဖြေရှင်းသည့် အဖွဲ့ (သို့) စုံစမ်းစစ်ဆေးသည့် အဖွဲ့တွင် ပါဝင်သူများအား တရားစွဲဆိုလာနိုင်ပါသည်။

"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှု နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ (အောက်ပါအခြေအနေများချိုးဖောက်ပါက ၎င်းဥပဒေပုဒ်မ ၁၀ အရ ထောင်ဒဏ် (၆)လမှအများဆုံး (၃)နှစ်အပြင် ငွေဒဏ် အနည်းဆုံး(၃)သိန်းမှ အများဆုံး(၁၅) သိန်းထိချမှတ်နိုင်သည်)

မည်သူမျှတည်ဆဲ ဥပဒေနှင့် အညီခွင့်ပြုမိန့်၊ခွင့်ပြုချက်၊ (သို့)ဝရမ်း တစ်စုံတစ်ရာမရှိဘဲဖြစ်စေ နိုင်ငံတော်သမ္မတ (သို့) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ

နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ၊မိသားစုရေးရာ၊ ကိစ္စများတွင် အဓမ္မဝင်ရောက်စွက်ဖက်ခြင်း၊ (သို့) လူတစ်ဦး၏ ဂုဏ်သိက္ခာ နှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း (သို့) ထိခိုက်စေရန် တနည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုရ (ပုဒ်မ ၈-စ)

အခြားသူ၏ ပုဂ္ဂိုလ်ဆိုင်ရာ ကိစ္စအလိုငှာ ဆက်သွယ်ပေးပို့သည့် စာပေးစာယူ၊ စာအိတ်၊ချောထုပ်၊ပါဆယ် ထုပ်တစ်ခုခုကိုဖွင့်ဖောက်ခြင်း၊ ရှာဖွေခြင်း၊၊ သိမ်းဆည်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ သို့ ဖျက်ဆီးခြင်း မပြုရ (ပုဒ်မ ၈-င)

## သက်သေအထောက်အထားများစုစည်းမှု

သက်သေအထောက်အထားများသည် ကျူးလွန်သူအား စုံစမ်းဖော်ထုတ်ရာတွင် အထောက်အကူပြုသည့် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုအနေဖြင့်ရှိနေသည်။ မြန်မာနိုင်ငံ၏ လက်ရှိဥပဒေများ အရလည်း ၎င်းကဲ့သို့ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ခံရသော အမှုများတွင် ယေဘုယျအားဖြင့် ကျူးလွန်ခံရသူကသာ ကျူးလွန်ခံရကြောင်း သက်သေအ ထောက်အထား (စာရွက်စာတမ်း၊ မှတ်တမ်းမှတ်ရာ၊ ဆေးစစ်ချက်၊ ဓာတုဗေဒစစ်ဆေးချက်များ၊ DNA နှင့် မျက်မြင် မြင်တွေ့ ၊ ကြားသိသော လူသက်သေ) များဖြင့်သေချာစွာတင်ပြနိုင်မှသာ စွပ်စွဲခံရသူအား အပြစ်ပေး လေ့ရှိပါသည်။

သို့ဖြစ်ပါသောကြောင့် သက်သေအထောက်အထားများတင်ပြခြင်းသည် အရေးကြီးသလို ကျူးလွန်ခံရသူ တရားမျှတမှုရရှိစေရန် အခရာ ကျသည့်အနေအထားတွင်ရှိပါသည်။ သို့ဖြစ်ပါသောကြောင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်မှု နှင့် စော်ကားမှုများ ပြုလုပ်ကြောင်းဖြစ်စေ ခံရကြောင်းဖြစ်စေ တိုင်တန်းလာသည့်အနေအထားများတွင် ၎င်းကဲ့ သို့ပြုလုပ်သည့်အခါ အသုံးပြုသည် နည်းပညာနှင့် ဆက်စပ်ပစ္စည်းများအားချက်ချင်း စုဆောင်းပြီး လိုအပ်ပါက မိတ္တူ သိမ်းဆည်းပြီး မိတ္တူ များလည်း ပွားထားရမည်။ တိုင်တန်းလာသူ (သို့) ကျူးလွန်ခံရသူထံမှ ပြသလာသည့်အချက်အလက်များ အားလုံးကို မိတ္တူ ယူထား ရန် အရေးကြီးသည်။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများ သည် တိုင်ကြားစာ (သို့) တိုင်ကြားလာသည့် အခါ လိင်ပိုင်း ဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်မှုနှင့် စော်ကားမှု အလုပ်ခံရသည့်အခြေအနေ အထောက် အထားများကို သေချာ မေးမြန်းရန်လိုအပ်သည်။ တိုင်တန်းလာသူ (သို့) ကျူးလွန်ခံရသူ များအားလည်း ၎င်းအထောက်အထားများကို မပျောက်ပျက်အောင် သေချာသိမ်းထားရန်နှင့် လိုအပ်ပါက မိတ္တူ ပွားထားရန် မှာကြားရမည်။

(၁) အသံ ဖမ်းထားချက်များ

တိုင်တန်းလာသူ (သို့) ကျူးလွန်ခံရသူထံမှ ရှိနေသော ကျူးလွန်ခံရကြောင်း အသံဖမ်းထားသည်များကို သေချာ စွာ မိတ္တူ ကူးပြီးယူထားရမည်။

(၂) ဓာတ်ပုံနှင့် ကာတွန်းပုံများ

တိုင်တန်းသူ (သို့) ကျူးလွန်ခံရသူမှ ပြသသည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်မှုနှင့် စော် ကားမှုခံရသော အထောက်အထားဓာတ်ပုံ၊ စာရွက်စာတမ်းများအား Print ထုတ်ပြီး၊ copy ယူထားရန် လိုအပ်သည်။

(၃) VIDEO မှတ်တမ်းများ

တိုင်တန်းသူ(သို့) ကျူးလွန်ခံရသူထံတွင်ရှိသော လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ၊ ခေါင်းပုံဖြတ်ပုံ နှင့် စော်ကားမှုများ ခံရသော videoမှတ်တမ်းများအား လည်း ကူးယူထားရှိရမည်ဖြစ်သည်။ ၎င်းကျူးလွန်ခံရသူ၏ ရှေ့တွင် ၎င်း video အားဖွင့်ပြီးမကြည့်မိစေရန် နှင့် ၎င်းမှဖြစ်ပျက်နေသည့် အနေအထားများအား ကြည့်ပြီး မမေးမြန်းမိစေရန် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ကျူးလွန်ခံရသူအနေဖြင့် အရှက်ရသွားစေနိုင်ပြီး ၊ ၎င်း၏ လျှို့ဝှက်ထားမှုကို အလေးမထားရာရောက်သွားမည်။ ထိုပြင် ကျူးလွန်ခံရသူမှ လည်း တရားမျှတမှု တောင်းခံဖို တွန့်ဆုတ်သွားနိုင်သည်။

(၄) စာများ၊ message များ

တိုင်တန်းလာသူ (သို့) ကျူးလွန်ခံရသူ ထံတွင်ရှိနေသော လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ၊ ခေါင်းပုံဖြတ်မှု နှင့် စော်ကားမှုခံရသောစာများ၊ စာတိုများအားလုံးအား screenshot ရိုက်ထား၍၊ print ထုတ်ပြီး copy သိမ်းဆည်း ရမည်။ ဖြစ်နိုင်လျှင် ၎င်းစာများအား အကြမ်းဖက်ခံရသူရှေ့တွင် အသံထွက်ဖတ်ပြခြင်း နှင့် အစအဆုံး အသေး စိတ်ဖတ်နေခြင်းများကိုရှောင်ကြဉ်ရမည်။ ၎င်းကဲ့သို့ ဖတ်နေမည်ဆိုပါ ကျူးလွန်ခံရသူအား ရှက်ကြောက်သည့်အနေအထားကိုရောက်စေနိုင်ပါသည်။

(၅) ကြား၊ မြင်၊ တွေ့၊ သိရှိသူများ စသည်တို့ကို သေချာစွာမေးမြန်းရန် နှင့် စုစည်းရန် အရေးကြီးသည်။

မျက်မြင်သက်သေများ၊ ကြားသိသူများ၊ တွေ့ရှိသူများအား မမေးမြန်ခင် ၎င်းတို့၏ ပြောဆိုချက်များကို နာမည်ထုတ်ဖော်ပြီး မလိုအပ်ဘဲ အသုံးမပြုကြောင်း ၎င်းတို့၏ အလုပ်များကိုထိခိုက်မှုမရှိစေရန် အာမခံကြောင်း ကနဦး ပြောဆိုပြီးမှ မေးမြန်းရမည်ဖြစ်သည်။ မေးမြန်းသည့်အခါ ၎င်းတို့ မြင်သည့်၊ကြားသည့်၊ တွေ့သည့် အနေအထားများကို လွတ်လပ်စွာပြောဆိုစေရန်အတွက် နိမိတ်ပြမေးခွန်းများမေးမြန်းခြင်းကို မပြုလုပ်အပ်ပေ။(နိမိတ်ပြမေးခွန်းဆိုသည်မှာ မေးခွန်းထဲတွင် အဖြေပါနေပြီး အမေးခံရသူ အလွယ်တကူ ခေါင်းညိတ်နိုင်သည် မေးခွန်းမျိုးကို ဆိုလိုခြင်းဖြစ်သည်။)

၎င်းမြင်တွေ့၊ ကြားသူ၊ သိရှိသူကို မေးမြန်းသည့်အခါ တစ်ပြိုင်တည်း တစ်ချိန်တည်းတွင် တွေ့ဆုံမေးမြန်းခြင်းနှင့် ကျူးလွန်ခံရသူနှင့် ကျူးလွန်ကြောင်းစွပ်စွဲခံရသူများ၏ ရှေ့တွင် တွေ့ဆုံမေးမြန်းခြင်းများကို မပြုလုပ်သင့်ပေ။ ၎င်းတွေ့မြင်သိရှိသူများကို တိုင်တန်းချက်ရပြီး အဆောတလျင် မေးမြန်းခြင်းများကို ဆောင်ရွက်ရမည်။ အဘယ်ကြောင့်ဆိုသော် အချိန်ကြာသွားလျှင် ကျူးလွန်သည်ဟုစွပ်စွဲခံရသူက သော်လည်းကောင်း၊ တခြားအခြေအနေအကြောင်း ကြောင်း ကြောင့် စည်းရုံးခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းများကြောင့် တွေ့မြင်၊ကြား သိသူ သက်သေများမှာ အမှန်တရားနှင့်ကင်းကွာစွာထွက်ဆိုခြင်းများ နှင့် အမှန်တရားကို မပြောဝံ့တော့ခြင်းများ ဖြစ်သွားနိုင်သည်။

## အထူးသတိပြုရန်

ကျူးလွန်သည်ဟုစွပ်စွဲခံရသူထံမှ မည်သည့်အကြောင်းကြားခြင်းများမပြုဘဲ ၎င်းရှိနေသောနေရာများကို ခွင့်ပြုချက်မရှိဘဲ ဝင်ရောက် ရှာဖွေစစ်ဆေးခြင်းနှင့်၎င်းပိုင်သောပစ္စည်းများ၊ IT နှင့်သက်ဆိုင်သည်များကို သိမ်းဆည်းခြင်းများ၊ ၎င်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာများကို ဖွင့်ပြခိုင်းခြင်းများနှင့်ရုံးဝန်ထမ်းများနှင့် တခြားသူများအား လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်မှု နှင့် စော်ကားမှုများ ခံရ သည့် သက်ဆိုင်သည့် သတင်းအချက် များကို ထုတ်ပြန်ခြင်း နှင့် ဖြန့်ဝေခြင်း များကို မပြုလုပ်သင့်ပါ။ ၎င်းကဲ့သို့ အထက်မှာ ဖော်ပြထားချက်များကို ပြုလုပ်မိပါက ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှု နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးထားသော ရာဇသတ်ကြီး ဥပဒေ ၊ ဆက်သွယ်ရေး ဥပဒေ နှင့် အီလစ်ထရောနစ် ဥပဒေများဖြင့်

တရားစွဲဆိုခြင်းများခံရနိုင်သည်။ ကျူးလွန်သူမှာ ကလေးသူငယ်ဖြစ်ပါက ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအရ အရေးယူခံရနိုင်သည်။

**သတိထားရန်**

ငှင်းထံတွင်ရှိနေသော မှုရင်းကို မယူမိစေရန်အရေးကြီးသည် တစ်ခါတစ်လေ ငှင်းမှု ရင်းများပေး ထားခဲ့ပြီး အသိမ်းလွန်ပြီးဖြစ်စေ၊ မတော်တဆတစ်ခုကြောင့် ပျက်စီးသွားလျှင် မိမိတို့ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများ အနေဖြင့် တာဝန်မကင်းဖြစ်မည်အနေအထားများဖြင့် ရင်ဆိုင်ရနိုင်ပြီး ပိုပြီးကြီးထွားလာပါသ သက်သေအ ထောက်အထားဖျောက်ဖျက်မှုများဖြင့် ရှင်းလင်းရနိုင်သည့် အနေအထားများရှိနိုင်သည်။ ငှင်းအတွက် လုံးဝမှုရင်းများကိုလက်မခံဖို့ အရေးကြီးပါသည်။ မိမိလက်ခံယူထားသည့်များသည် မှုရင်းများမဟုတ်ဘဲ မိတ္တူများဖြစ်ကြောင်း တိုင်တန်းသူဖြစ်စေ ကျူးလွန်ခံရသူ ဖြစ်စေလက်မှတ်ရေးထိုးထားရမည်။

## စစ်ဆေးမေးမြန်းခြင်း နှင့် ပြန်လှန်စစ်မေးခြင်း

မြန်မာနိုင်ငံ၏ သက်သေခံ အက်ဥပဒေအရ တရားရုံးများတွင် သက်သေများကို စစ်မေးခြင်းမှာ ပုံစံ (၃) မျိုးရှိသည်။ အခုဖော်ပြချက်တွင် တရားရုံးတွင် စစ်ဆေးသည့် အခြေအနေအသေးစိတ်ကို ရေးသားပါက ရှုပ်ထွေးမှုများဖြစ်သွားမည်ဖြစ်ပါသဖြင့် အဓိကအချက်များကို သားရေးသားထားခြင်းဖြစ်ပါသည်။

(က) မူလစစ်မေးခြင်း ဆိုသည်မှာသက်သေအားတင်ပြသည့် အမှုသည်က ယင်းအတွက်လိုအပ် ပြီး သက်သေကို သိသမျှအချက်များကို မေးမြန်းရသည်။ အချက်အလက်ပြည့်စုံအောင်မေးမြန်းရန် အရေးကြီးသည်။ အချက်အလက်ပြည့်စုံအောင် မမေးမြန်းခဲ့ပါက တစ်ဖက်ပြန်လှန်စစ်မေးပြီးနောက် နောက်ထပ်စစ်မေးသည့် အခါ ကျန်နေသော အချက်အလက်များကို မေးမြန်းရန် အခွင့်အရေးတစ်ခုအနေဖြင့် တောင်းဆိုခြင်းမပြုနိုင်ပေ။ တရားရုံးမှ ခွင့်ပြုချက်ရမှသာ အချက်အလက်သစ်များကို စစ်မေးနိုင်သည်။ ယင်းသို့ အချက်အလက်သစ်စစ် မေး ခွင့်ပြုပါက တစ်ဖက်အမှုသည်ကလည်း ပြန်လှန်စစ်မေးခွင့် ရရှိမည်ဖြစ်သည်။ သက်ဆိုင်သည့်အကြောင်း အရာများဖြစ်သော ဖြစ်ပွားစဉ်က ဖြစ်ပွားရာဒေသ ဖြစ်ပွားသည့်အချိန် တွင် တွေ့မြင်သည့်အချက် အလက်များကို သက်သေထွက်ချက်အား အထောက်အကူပြုစေမည့်ရည်ရွယ်ချက် ဖြင့် မေးမြန်းနိုင်သည်။ မူလစစ်မေးသည့်အခါ သက်သေအား နိမိတ်ပြမေးခွန်း မမေးရ။ ထင်ရှားခြင်းမရှိသေးသည့် အကြောင်းခြင်းရာကို ထင်ရှားပြီးဖြစ်သကဲ့သို့ မမေးမြန်းရ။ မေးခွန်းနှစ်ခုသုံးခုကို ပေါင်းစပ်ပြီး မေးမြန်းလျှင် ရှုပ်ထွေးသွားရန် အကြောင်းရှိသဖြင့် မေးမြန်းခြင်း မပြုရ။ အငြင်းထွက်အကြောင်းအရာနှင့် တိုက်ရိုက်ပတ် သက်ခြင်းမရှိလျှင် ညစ်ညမ်းသည့်မေးခွန်း၊ အသရေပျက်စေသည့် မေးခွန်းများ မမေးရ။ တစ်ချို့သော သက်သေများသည် တရားရုံးကို မရောက်ဖူးသဖြင့်

ကြောက်ရွံ့နေတတ်ကြသည်။ ထိုသက်သေမျိုးကို ကြောက်ရွံ့ စိတ ်ပျောက်အောင်မေးမြန်းပြီးမှသာ အမှုနှင့် ပတ်သက်သော အချက်အလက်များကို မေးမြန်းသင့် သည်။ တစ်ချို့သက်သေများသည် အလွန်စကားများ သူများဖြစ်ရာ ပြောပါများ အမှားပါဖြစ်တတ်၍ ထိန်းထိန်း သိမ်းသိမ်းမေးမြန်းရသည်။ ဘက်လိုက်မည့် သက်သေဖြစ်ပါက အလွန်အကျွံ မထွက်ဆိုရန် သတိနှင့်မေးရ သည်။ ရိုးသားဖြောင့်မတ်သည့် သက်သေဖြစ်ပါက သူသိသမျှကို သူဖာသာ ထွက်ဆိုစေသင့်သည်။ ထို့ပြင် အရေးကြီးသော အချက်မှာ အမှု၏ အကြောင်းခြင်းရာနှင့် ပတ်သက်သည့် အစီအစဉ်အလိုက် လိုအပ်သ လောက်ရှင်းရှင်းလင်းလင်း ထွက်ဆိုနိုင်ရန် သက်သေအား မေးခွန်းထုတ်သင့်သည်။ သက်သေများအား မူလစစ်မေးသည့်အခါ လိုက်နာသင့်သည့် နည်းလမ်းများရှိပေးသည်။ ၄င်းတို့မှာ ကြောက်တတ်သော သက်သေကို အမှုနှင့် ပတ်သက်၍ မေးမြန်းခြင်းမပြုမီ ကြောက်စိတ်များ ပျောက်အောင် အမှုသည်များကို သိပါသလား ၊ သိတာဘာလောက်ကြာပြီးလဲစသည့် ပဏာမမေးခွန်းများကို မေးမြန်းရမည်။ အမှုနှင့် ပတ်သက်သည့် အချက်အလက်များကို မေးမြန်းရာတွင်လည်း ညင်ညင်သာသာ မေးမြန်းရမည်။ ကြောက်တတ် သည့် သက်သေနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ရဲလွန်းသည့် သက်သေသည် မခိုးမခန့် အမူအရာပြတတ်ခြင်း၊ လိုသည်ထက်ပို၍ပြောတတ်ခြင်းကြောင့် တရားရုံးတွင် သက်သေခံနေခြင်းဖြစ်၍ အမူအရာကိုသော် လည်း ကောင်း၊ အပြောအဆိုသော်လည်းကောင်း ဆင်ခြင်ရမည်ဖြစ်သည်ဟု သဘောပေါက် အောင်ပြုမူ ပေးရန်လို သည်။ မိမိခေါ်သည့်သက်သေက မိမိကို ပြန်၍ ဆန့်ကျင် ထွက်ဆိုမည်ဟု ယူဆလျှင် မခေါ်ဘဲပယ်လိုက်ပါ။ သက်သေအဖြစ်စစ်ဆေးမိပါကလည်း ၄င်းအား စစ်ဆေးခြင်းကို အမြန်ဆုံး ပြီးစီးအောင် ကြိုးစားပါ။ သက်သေက ဆန့်ကျင်ထွက်ဆိုခြင်းကြောင့် ရှေ့နေက စိတ်ဆိုးသည့် စိတ်ထိခိုက်သည့် အမူအရာ မပြရပါ။ တစ်ဖက်အမှု သည်က သက်သေအဖြစ်တင်ပြမည့်ပုဂ္ဂိုလ်ကို သင်၏ သက်သေအဖြစ် မခေါ်သင့်ပေ။ အကျိုးအကြောင်းမရှိဘဲ မေးခွန်းမမေးရ၊ ပြင်ဆင်၍ အဆင်သင့်ရှိမှသာသက်သေကို စစ်ဆေးရမည်။ စစ်မေးသည့်အခါ လိုသလောက်သာမေးပါ၊ မလိုသောမေးခွန်းကိုမမေးရ။

(ခ) ပြန်လှန်စစ်မေးခြင်း။ ပြန်လှန်စစ်မေးခြင်း၏ ရည်ရွယ်ချက်မှာ အဓိကအားဖြင့် အကြောင်းနှစ်ရပ် ရှိပေသည်။ ပထမအကြောင်းရပ်မှာ မူလစစ်မေးချက်တွင် ထွက်ဆိုသွားသော ထွက်ချက်ကို ယိမ်းယိုင်သွားစေရန်နှင့် ပြန်လှန်စစ်မေး သူတို့၏ လိုရာအချက်ကို ပေါ်လွင်လာစေရန် ဖြစ်သည်။ ဒုတိယအကြောင်းရပ်မှာ သက်သေသည် ယုံကြည်စိတ်ချရသူ မဟုတ်ကြောင်း တင်ပြရန်ဖြစ်သည်။ မူလစစ်မေးစဉ် သက်သေတင်ပြသည့် ရှေ့နေက မိမိအမှုသည် အလိုရှိသည့် အချက်အလက်များကိုသာ မေးမြန်းသဖြင့် သက်သေ၏ ထွက်ချက်သည် တဘက်သတ်ဖြစ်နေတတ်သည်။ သို့ဖြစ်ရာ ပြန်လှန်စစ်မေးသူအတွက် အလွန်အကျိုးရှိသော အချက်အလက်များကို ရရှိနိုင်သည်။ ထို့ပြင်သက်သေတစ်ဦးသည် မည်မျှပင်ကွယ်ဝှက်လိမ်လည်၍ ထွက်ဆိုနေစေကာမူ တရားရုံးအဖွဲ့ဝင် များ ရှေ့မှောက်၌ လူပုံအလယ်တွင် ပြန်လှန်စစ်မေးခြင်းခံရသောအခါ ဟန်ဆောင်သမျှသည် ဖူးပေါ်သလို ပေါ်တတ်သည်။ တနည်းဆိုရသော် ပြန်လှန် စစ် မေးခြင်းသည် အမှန်တရားကို ဖော်ထုတ်ရာ၌ အလွန်အဖိုးတန်သည့် လက်နက်ကောင်းတစ်ခု ဖြစ်ပေသည်။ ပြန်လှန်စစ်မေးသည့် အတတ်ပညာသည် မူလစစ်မေးခြင်းထက် ပိုမိုခက်ခဲသည့် ပညာရပ်ဖြစ်သည်။ လုပ်သက် အတွေ့အကြုံ ရင့်ကျက်မှုနှင့် လူကဲခတ်မှုတို့အပေါ် မူတည်နေသည်။ ပြန်လှန်စစ်မေးခြင်းသည် ပြန်လှန်စစ်မေးသူအဖို့ လက်နက် ကောင်းတစ်ခုဖြစ်သလို၊ အမေးမတတ်လျှင်လည်း မိမိအပေါ် ပို၍နစ်နာစေနိုင်သည့် နှစ်ဘက်သွားလက်နက် ဖြစ်သည် ဆိုခြင်းကို သတိချပ်ရန် လိုပေသည်။

ပြန်လှန်စစ်ဆေးရာတွင် လိုက်နာသင့်သည့် အချက်အချို့ကို ဖော်ပြလိုပေသည်။ ယင်းတို့မှာ (၁) သက်သေကို ပြန်လှန်စစ်ဆေးသည့်အခါ သက်သေ၏ မျက်စိကို စိုက်ကြည့်ထားပါ။ မမှန်မကန် ထွက် ဆိုသည့် သက်သေတို့သည် အများအားဖြင့် စိုက်၍ အကြည့်မခံရဲကြပါ။ မျက်လုံးတွင် ကြေးမုံပြင်သဖွယ် ပေါ်နိုင်သည်။ (၂) သင်၏ အမှုသည်အား နစ်နာအောင် ထွက်ဆိုခြင်းမပြုသည့် သက်သေကို ပြန်လှန်မေးခွန်း မထုတ်ပါနှင့်။ မေးခွန်းကို ဖြေဆိုရမည့်အဖြေသည် သင့်အမှုသည်အတွက် အကျိုးယုတ်မည်ဆိုလျှင် သက်သေက သင့်အမှုသည် အကျိုးအတွက် ထွက်ဆိုမည်ဟုသိမှသာ မေးမြန်းသင့်သည်။ အကျိုးယုတ်မည့် အဖြေကို ထွက်ဆိုမည့် သက်သေကို ယင်းသည် လိမ် လည် ထွက်ဆိုနေကြောင်း တင်ပြနိုင်သည့် အခြေအနေရှိမှသာ မေးမြန်းသင့်သည်။ (၃) သက်သေ၏ စရိုက်ကို လိုက်၍ မေးမြန်းပါ။ ငယ်ရွယ်သူ၊ ကြောက်ရွံ့သူ၊ မသန်မစွမ်းသူတို့ကို ညင်ညင်သာသာ၊ လူမိုက်ကို ကြမ်းကြမ်း၊ ရိုးသားသူကို ပွင့်ပွင့်လင်းလင်း၊ လိမ်လည်သူကို မညာမတာ မေးမြန်းသင့်သည်။ (၄) သက်သေကို ပြန်လှန်စစ်မေးရာတွင် ဒေါသ မထွက်ရန် အရေးကြီးသည်။ ဒေါသထွက်လျှင် အမှားပါတတ်သည်။ တရားရုံး၏ အထင်အမြင်သေးခြင်းခံရတတ်သည်။ (၅) သက်သေကို အထင်မသေးပါနှင့်၊ အမြဲသတိထားပါ (၆) တရားရုံး၊ တဖက်ရှေ့နေနှင့် သက်သေတို့ကို ယဉ်ကျေး စွာ ဆက်ဆံပါ။ သို့ရာတွင် သင်၏အမှုကို ထိပါးစေမည့်ကိစ္စနှင့် ပတ်သက်သောမှုကို အလျှော့ပေးခြင်း မပြုရ။ (၇) မရေ ရာသည့် မေးခွန်းကို မမေးရ၊ မရေရာသည့်မေးခွန်းကို မေးလျှင် မရေရာသည့်အဖြေကိုသာရမည်ဖြစ်၍ အကျိုးမများနိုင်၊ (၈) သက်သေကို ရည်ရွယ်ချက်မရှိသည့်မေးခွန်း မေးမြန်းခြင်းမပြုရ၊ ပြန်လှန်မေးခွန်းထုတ်သည့်အခါ သက်သေသည် မိမိကိုဆန့်ကျင်၍ ထွက်ဆိုမည့် သက်သေဖြစ်သည်ဆိုခြင်းကို အစဉ်သတိပြု၍ မေးမြန်းသင့်သည့် မေးခွန်းကိုသာ မေးမြန်းရမည်။ မေးရန်တာဝန်ရှိ၍သာ မေးရသည်ဆိုခြင်းမျိုး မဖြစ်သင့်ပေ။

(ဃ) ပြန်လှန်စစ်မေးခြင်း အတိုင်းအတာ။ ပြန်လှန်မေးသောအခါ မူလစစ်မေးရာ၌ ပေါ်ပေါက်သည့် အချက် အလက်များသာမက၊ အမှုတစ်ခုလုံးနှင့် ပတ်သက်သည့် အချက်အလက်များကို မေးမြန်းခွင့်ရှိသည်။ ထို့မျှမက မိမိ တင်ပြလိုသည့် အချက်အလက်များ ပေါ်လွင်လာအောင် နိမိတ်ပြမေးခွန်းများကိုလည်း မေးမြန်းနိုင်သည်။ ထို့ပြင် အမှုသည်များနှင့် မည်သို့မည်ပုံ ပတ်သက်သည်၊ အမှုတွဲတွင် မည်သို့ စိတ်ဝင်စားမှုရှိသည်၊ အမှုဖြစ်အကြောင်းခြင်းရာများကို သိမြင်နိုင်ရန်အကြောင်း ရှိ/ မရှိ၊ မှတ်ဉာဏ် ကောင်း/မကောင်း၊ မျက်စိမှုံ/မမှုံ၊ နားလေး မလေး စသည့် သက်သေ၏ ကိုယ်ကာယကျန်းမာရေး အခြေအနေ စသည့် အချက်အလက်များကိုလည်း မေးမြန်းခွင့်ရှိပေသည်။ပြန်လှန်စစ်မေးရာတွင် မည်ရွေ့မည်မျှသာ မေးမြန်းရမည်ဆိုသော ကန့်သတ်ချက် မရှိသော်လည်း အမှုနှင့် မသက်ဆိုင်သည့် မေးခွန်းများကို မေးမြန်းခြင်း၊ သက်ဆိုင်သည့် မေးခွန်းဖြစ်သော်လည်း ထပ်ခါ ထပ်ခါ မေးမြန်းခြင်း ပြုလုပ်ကာ တရားရုံး၏ အချိန်ကို အလဟဿ ဖြုန်းတီးရာရောက်နေလျှင် တရားရုံးမှ ယင်းသို့ မေးမြန်းခြင်းကို တားမြစ် နိုင်ပေသည်။

(င) ပြန်လှန်စစ်မေးရာတွင် မမေးသင့်သည့်မေးခွန်း။ ပြန်လှန်စစ်မေးရာတွင် နိမိတ်ပြမေးခွန်းကို မေးမြန်းခွင့် ရှိသော်လည်း အဖြေကို သက်သေပါးစပ်ထဲသို့ ထည့်သည့်မေးခွန်းမျိုး မမေးရ၊ ထင်ရှားခြင်းမရှိသေးသည့် အကြောင်း ခြင်းရာကို ထင်ရှားပြီးဖြစ်ဘိသကဲ့သို့ မေးမြန်းခြင်းမပြုနိုင်။ ဥပမာ တရားရုံးတွင် သက်သေအငှားလိုက်သူဖြစ်ကြောင်း မထင်ရှားဘဲနှင့် သက်သေအငှားလိုက်စားနေတာ ဘယ်လောက်ကြာပြီလဲဟု မေးမြန်းခြင်းသည် ထင်ရှားခြင်းမရှိသေး သည့်အချက်ကို ထင်ရှားပြီးဖြစ်သည့် အချက်သဖွယ် မေးမြန်းရာရောက်သည်။ မေးခွန်းတွင် သက်သေခံဝင်သည့် အချက် နှင့် မဝင်သည့်အချက် စုပေါင်းမေးမြန်းပါက တရားရုံးမှ ခွင့်ပြုလိမ့်မည်မဟုတ်၊ မေးခွန်းသည် သက်သေအား

စော်ကား ရန်သော်လည်းကောင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန်သော်လည်းကောင်း ပုံစံဖြစ်လျှင် တရားရုံးမှ ပုဒ်မ (၁၅၂) အရ တားမြစ်ပိုင်ခွင့်ရှိသည်။

(ဂ) နောက်ထပ်စစ်မေးခြင်း။ သက်သေကို နောက်ထပ်စစ်မေးရာတွင် ပြန်လှန်စစ်မေးရာ၌ ပေါ်ပေါက်သည့် အချက်အလက်တို့နှင့် ပတ်သက်၍ ရှင်းလင်းသည့်အနေဖြင့်သာ မေးခွန်းထုတ်ခွင့်ရှိသည်။ အချက်အလက်သစ်ကို မေးမြန်းခြင်း မပြုနိုင်၊ ထို့ကြောင့် သက်သေတင်ပြသူသည် သက်သေကို မူလစစ်ဆေးရာ၌ ထိုသက်သေ သိရှိသည့်၊ ပြောဆို နိုင်သည့် အချက်အလက်အားလုံးကို မေးမြန်းထားရန် အလွန်အရေးကြီးသည်။ မူလစစ်မေးရာ၌ အချက်အလက်များ ကျန်ရစ်နေပါမူ နောက်ထပ် စစ်မေးရာတွင် တရားရုံး၏ ခွင့်ပြုချက်မရဘဲ မေးမြန်းခွင့်မရှိပေ၊ အချက်အလက်အသစ်ကို မေးမြန်းခွင့်ပြုပါက တဖက်အမှုသည် သည် ပြန်လှန်စစ်မေးခွင့်ရရှိလာသည်။ အချက်အလက်ကျန်နေပါက မေးမြန်းရန် နည်းလမ်းတစ်ခုမှာ တရားရုံးအား အမှုသည်ကိုယ်စားမေးမြန်းခွင့်ပြုစေခြင်း ဖြစ်သည်။ ရုံးမှမေးမြန်းလျှင် တဖက်အမှုသည်က ရုံး၏ခွင့်ပြုချက်မရဘဲ ပြန်လှန်စစ်မေးခွင့်မရှိပေ။ နောက်ထပ်စစ်မေးရာ၌ ပြန်လှန်စစ်မေးရာတွင် ပေါ်ပေါက် သော အချက်အလက်များကို မည်သည့်အတွက် ထွက်ဆိုရကြောင်း မေးမြန်းနိုင်သည်။ ဥပမာအားဖြင့် ပြန်လှန်စစ်မေးရာ ၌ သက်သေက မူလစစ်မေးစဉ် ထွက်ဆိုသော ထွက်ဆိုချက်နှင့် ဆန့်ကျင်၍ ထွက်ဆိုချက်ပေးဖူးကြောင်း ဝန်ခံလျှင် နောက်ထပ်စစ်မေးရာ၌ မည်သည့်အတွက် ဆန့်ကျင်ထွက်ဆိုရကြောင်း မေးမြန်းခွင့်ရှိသည်။

## လူသိရှင်ကြား ကြားနာခြင်း နှင့် တံခါးပိတ်စစ်ဆေးခြင်း

မြန်မာနိုင်ငံ၏ နိုင်ငံ၏ တည်ဆဲဥပဒေများအရ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေများတွင် ကျူးလွန်ခံရသူအား သီးသန့်စစ်ဆေးရမည်ပြဋ္ဌာန်းချက်များနှင့် ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေအရ ကာမစပ်ယှက်မှုပြုနေစဉ်ဖြစ်စေ၊ ကာမစပ်ယှက်ကြောင်း သိသာစေသည့် အခြေအနေ၌ ဖြစ်စေ တွေ့ရှိရသူတစ်ဦးတစ်ယောက်အား အမှု၌သက်သေအဖြစ် တင်ပြလျှင် ထိုသူကို အများပြည်သူတို့ မမြင် မကြားနိုင်အောင် ရာဇဝတ် တရားသူကြီးက စစ်ဆေးရမည်ဟုပြဋ္ဌာန်းချက်များမှတပါး အခြား အမှုများအတွက် တံခါးပိတ်ကြားနာခြင်းနှင့် ပတ်သက်၍ပြဋ္ဌာန်းချက်မရှိပေ။ မြန်မာနိုင်ငံ၏ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ (၃) (ခ) အရ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူရှေ့မှောက်တွင် တရားစီရင် ရမည်ဟု ပြဋ္ဌာန်းထားသည်။

## အကြမ်းဖက်ခံရသူ၏ အမည်နှင့် အချက်အလက်များ လျှို့ဝှက်ထားမှု

မြန်မာနိုင်ငံ၏ လက်ရှိ ဥပဒေများတွင် အကြမ်းဖက်ခံရသူကလေးသူငယ်များ အမည်များ အချက်အလက်များကို လျှို့ဝှက် ထားမှု နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ -၁၁(ခ)၊ (ဂ)၊ နှင့် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ဥပဒေပုဒ်မ ၉၆ (ဃ ) နှင့် ( င ) တို့တွင် ပြဋ္ဌာန်းထားချက်မှလွဲပြီး တစ်ခြား အထူးပြဋ္ဌာန်းချက်များမရှိပါ။

## အမှုအောင်မြင်နိုင်မှု အခြေအနေ

လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ၊ ခေါင်းပုံဖြတ်ပုံ နှင့် စော်ကားမှု အမှုများအပါအဝင် တခြား ဂျန်ဒါ(gender) အခြေပြု အမှုများကို စစ်ဆေးကြားနာသည့်အခါ ပြစ်မှု (ရာဇဝတ်မှု) တွင် ယေဘုယျအားဖြင့် သက်သေပြရန် တာဝန်သည် ကျူးလွန်ခံရသူ (သို့) တိုင်တန်းသူများ အပေါ်တွင်သာ ကျရောက်လျက်ရှိသည့် အတွက် မိမိစွဲဆိုသည့်

(သို့) တိုင်တန်းသည့်အမှုအတွက် သက်သေအထောက်အထားသေချာပြည့်စုံစွာတင်ပြဖို့လိုအပ်ပါသည်။ သက်သေအထောက် အထားဟုဆိုရာတွင် စာရွက်စာတမ်းသက်သေအထောက်အထားများတင်ပြနိုင်မှု၊ ကျွမ်းကျင်သူများ၏ ထင်မြင်ချက် နှင့် နှုတ်သက်သေ အထောက်အထား များဖြစ်သည့် တွေ့သည့်သူ၊ မြင်သည့်သူ၊ ကြားသူများက သေချာ ဘက်လိုက်မှုမရှိဘဲလာရောက် သက်သေထွက်ဆိုမှုများသည် အမှုတစ်ခု၏ နိုင်ခြေနှင့် အများဆုံးဆက်စပ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် မျှတသောတရားစီရင်ရေး မူအရဖြစ်စေ၊ မြန်မာနိုင်ငံ၏ စီရင်ထုံးအကိုးအကားများအရဖြစ်စေ သက်သေအထောက်အထား ခိုင်မာမှုမရှိလျှင် စွပ်စွဲခံရသူအား အပြစ်ပေးရန် ခက်ခဲပြီး အမှု အောင်မြင်နိုင်ခြေ ခက်ခဲ မည်ဖြစ်သည်။

## အယူခံ ဖြစ်စဉ် နှင့် လုပ်ထုံးလုပ်နည်း

မည်သည့် ရာဇဝတ်အမှုများတွင်မဆို အမှုသည်များသည် ယေဘုယျအားဖြင့် သက်ဆိုင်ရာ ကာလစည်းကမ်း သတ်အတွင်း အယူခံမှု (သို့) ပြင်ဆင်မှုများကို အထက်အဆင့်မြင့်ရုံးသို့ တင်သွင်းနိုင်သည်။ တစ်ချို့သော အမှုများ တွင် နိုင်ငံတော်၏ ရှေ့နေချုပ်ရုံးမှခွင့်ပြုချက်ဖြင့် တင်သွင်းနိုင်သော်လည်း တစ်ချို့အမှုများတွင် သက်ဆိုင်သည့် ရှေ့နေများဖြင့် တင်သွင်းနိုင်သည်။ ရာဇဂုတ်၊ အယူခံ၊ ပြင်ဆင်နှင့် ပတ်သက်ပြီး အဓိပ္ပါယ်ဖွင့် ဆိုမှုများကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ - ၂ တွင် အောက်ပါအတိုင်းဖော်ပြထားသည်။

(ခ) 'မူလမှု' - ဆိုသည်မှာ သက်ဆိုင်ရာတရားရုံးက မူလစီရင်ပိုင်ခွင့် အာဏာအရ စစ်ဆေးစီရင်သော အမှုကို ဆိုလိုသည်။

(ဂ) 'အယူခံမှု' - ဆိုသည်မှာ တရားရုံးတစ်ရုံးက ချမှတ်သည့် စီရင်ချက်၊ ဒီကရီသို့မဟုတ် အမိန့်ကို အယူခံမှု စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ ဥပဒေနှင့်အညီ အယူခံသည့်အမှုကို ဆိုလိုသည်။

(ဃ) 'ပြင်ဆင်မှု' ဆိုသည်မှာ တရားရုံးတစ်ရုံးက ချမှတ်သည့် စီရင်ချက် သို့မဟုတ် အမိန့်ကို ပြင်ဆင်မှု စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ဥပဒေနှင့်အညီ ပြန်လည် စိစစ်ရန် ဖွင့်လှစ်သည့် အမှုကို ဆိုသည်။

(င) 'အထူးအယူခံ' ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူလမှု စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ဖြစ်စေ၊ အယူခံမှု စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ဖြစ်စေ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ဖြစ်စေ၊ အပြီး သတ် ချမှတ်သော စီရင်ချက်၊ ဒီကရီ သို့မဟုတ်၊ အမိန့်ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က အထူးအယူခံဝင်ခွင့်ပြုသော အမှုကို ဆိုသည်။

အယူခံမှုများတွင် ကာလစည်းကမ်းသတ်မှတ်ထားသော ကာလရှိသဖြင့် ၎င်းကာအတွင်း အယူခံတင်နိုင် အောင်ကြိုးစားကြရမည်။ ၎င်းကာလစည်းကမ်းသတ်များမှာ အယူခံမှုအတွက် ကာလစည်းကမ်းသတ်များမှာ ကာလစည်းကမ်းသတ်ဥပဒေအရ အောက်ပါအတိုင်းဖြစ်သည်။

(၁) မြို့နယ်မှ ခရိုင်သို့ ရက်ပေါင်း - ၃၀

(ကာလစည်းကမ်းသတ်အက်ဥပဒေအမှတ်စဉ် - ၁၅၃)

(၂) ခရိုင်မှ ပြည်နယ်၊ တိုင်းဒေသကြီးတရားလွှတ်တော်သို့ ရက်ပေါင်း - ၆၀

(ကာလစည်းကမ်းသတ်အက်ဥပဒေအမှတ်စဉ် - ၁၅၄)

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ရက်ပေါင်း - ၉၀

(ကာလစည်းကမ်းသတ်အက်ဥပဒေအမှတ်စဉ် - ၁၅၅)

(၄) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ သေဒဏ်အယူခံ (၇)ရက်

(ကာလစည်းကမ်းသတ်အက်ဥပဒေအမှတ်စဉ် - ၁၅၀)

(၅) အပြီးအပြတ်လွှတ်သည့် အမိန့်ကို မြို့နယ်/ ခရိုင်က ချမှတ်လျှင် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်သို့ (၆)လအတွင်း/ တိုင်းဒေသကြီး/ ပြည်နယ်တရား လွှတ်တော်က ချမှတ်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ (၆)လအတွင်း

(ကာလစည်းကမ်းသတ်အက်ဥပဒေအမှတ်စဉ် - ၁၅၇)

(၆) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အထူးအယူခံဝင်ခွင့်ပြုရန် အထွေထွေ လျှောက်လွှာကို ရက်ပေါင်း ၉၀ အတွင်း

(အထူးအယူခံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းအပိုဒ် ၃)

ရာဇဝတ်ပြင်ဆင်မှုများ ကာလစည်းကမ်းသတ်

(၁) မြို့နယ်မှ ခရိုင်သို့ ရက်ပေါင်း (၆၀)

(တရားရုံးများ လက်စွဲအပိုဒ် ၇၆၆)

(၂) ခရိုင်မှ တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရား လွှတ်တော်သို့ ရက်ပေါင်း (၆၀)

(တရားရုံးများ လက်စွဲအပိုဒ် - ၇၆၆)

(၃) တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ် တရားလွှတ်တော်မှ ပြည်ထောင်စု တရားလွှတ်တော်သို့ ရက်ပေါင်း (၆၀)

(တရားရုံးများ လက်စွဲအပိုဒ် - ၇၆၆)

အထက်ဖော်ပြပါကာလအတွင်းအကြောင်းအမျိုးကြောင့် ကာလသတ်မှတ်ချက်ထက်ကျော်လွန်ပြီးမှတင်လိုပါက မည်သည့်အတွက်ကြောင့် သတ်မှတ်ထားသည့်ရက်များတွင် မတင်ပြနိုင်ခဲ့ကြောင်း အကြောင်းပြချက်ခိုင်မှာ သောကျမ်းကျိမ်းလွှာဖြင့်တင်ပြရမည်။ တရားရုံးများလက်စွဲ အပိုဒ်- ၇၆၆ အရ နစ်နာကြောင်း အဆိုရှိသည့်

နောက်ဆုံးအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ ကျော်လွန်ပြီး နောက်တင်သွင်းသော ပြင်ဆင်မှု လျှောက်လွှာတို့ကို မည်သည့် အတွက် နှောင့်နှေးကြန့်ကြာရကြောင်း ရှင်းလင်းဖော်ပြချက်နှင့် လိုအပ်သော ကျမ်းကျိန်လွှာများကို ထို လျှောက်လွှာနှင့်အတူ မပါရှိလျှင် သာမန်အားဖြင့် စဉ်းစား ဆင်ခြင်လိမ့်မည် မဟုတ်ဟု ဖော်ပြထားသည့်အပြင် စီရင်ထုံးများတွင် လည်းဆုံးဖြတ်ချက်များရှိသည့်အတွက် နစ်နာသူဟုထင်သူသည် အထက်တရားရုံးများသို့ အယူခံ (သို့)ပြင်ဆင်မှု တင်သွင်းမည်အနေအထားများတွင် အထက်ဖော်ပြထားသော ကာလစည်းကမ်းသတ်များကို အထူးသတိထားရမည်ဖြစ်သည်။

တရားရုံးအဆင့်ဆင့်သို့ တင်သွင်းသော ရာဇဝတ်အယူခံမှု/ပြင်ဆင်မှုများတွင် လိုအပ်သော အချက်များ

(က) စီရင်ချက်တာဝန်ခံမိတ္တူပါရှိရမည်

(၁) ခရိုင်တရားရုံးသို့ တင်သွင်းလျှင် မူလမြို့နယ်ရုံး၏ စီရင်ချက် တာဝန်ခံမိတ္တူ ပါရှိရမည်။

(၂) တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်သို့ တင်သွင်းလျှင် မြို့နယ်ရုံး/ ခရိုင်ရုံး၏ စီရင်ချက် တာဝန်ခံမိတ္တူပါရှိရမည်။

(၃) ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တင်သွင်းလျှင် မြို့နယ်ရုံး/ ခရိုင်ရုံး/ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက် တာဝန်ခံမိတ္တူ ပါရှိရမည်။

(ခ) ထောင်ကျတရားခံ/အချုပ်တရားခံမှ အယူခံ/ပြင်ဆင်လျှောက်ထားပါက ထောင်တံဆိပ်ဝိုင်း၊ တာဝန်ကျထောင်မှူးရှေ့က လက်မှတ်ရေးထိုးချက် ပါရှိရ မည်။ (ရှေ့နေငှားရမ်းပါက ရှေ့နေကိုယ်စား လှယ် လွှဲစာတွင်)

(ဂ) လျှောက်ထားသူ၊ လျှောက်ထားခံရသူများ အမည်များသည် မူလမှုအတိုင်း ဖြစ်ရမည်။

(ဃ) လျှောက်ထားခံရသူများ လိပ်စာအပြည့်အစုံ ဖော်ပြပါရှိရမည်။ ဆင့်ခေါ်ရန် တံဆိပ်ခေါင်းပါရှိရမည်။

(င) စွဲချက် အမိန့်အပေါ် ပြင်ဆင်မှုတက်ရောက်ပါက စွဲချက်ပုံစံနှင့် နေ့စဉ်မှတ်တမ်း ပူးတွဲပါရှိရမည်။

(စ) မည်သည့်ရုံးက ချမှတ်သည်၊ အမှုနံပါတ်၊ ခုနှစ်၊ တရားလို၊ တရားခံ၊ ပုဒ်မ၊ အမိန့်ချသည့်နေ့စွဲ၊ ချမှတ်သည့် ပြစ်ဒဏ်အပေါ် အယူခံ/ပြင်ဆင်မှု တက်ရောက်ကြောင်း ဖော်ပြပါရှိရမည်။

(ဆ) မည်သည့်အတွက် ပြင်ဆင်/အယူခံလိုကြောင်း အကြောင်းပြချက်များ လျှောက်ထားလွှာတွင် ဖော်ပြပါရှိရမည်။

(ဇ) ကာလစည်းကမ်းသတ် ကျော်လွန်နေပါက ကျမ်းကျိန်လွှာပါရှိရမည်။ ခွင့်ပြုရန် လျှောက်လွှာပါရမည်။

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများ အနေဖြင့် အထူးအလေးထား ဂရုစိုက်ရမည့် အချက်များ

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများသည် ပထမဆုံး အကြမ်းဖက်ခံရသူထိတွေ့ဆက်ဆံရသူများဖြစ်သဖြင့် စပြီးတွေ့ဆုံ

သည့် အချိန် သတိထားရမည်အချက်များဖြစ်သော အကြမ်းဖက်ခံရသူ၏ အဆင်မပြေမှုများ၊ လျှို့ဝှက် ထားရမည် အချက်များ၊ လက်ခံတွေ့ဆုံမေးမြန်းသည့်အခြေအနေအတွင် သတိထားရမည်မေးခွန်းများ၊ သက်သေအထောက်အထား ဆိုင်ရာများနှင့် ၄င်းသက်သေအထောက်အထားများကို သိမ်းဆည်း ထားခြင်းများ ၊ချိတ်ဆက်ကူညီပေးမှုများ၊ နှင့် ဖြေရှင်းသည် အခြေအနေအားလုံးတွင် မျှတမှုရှိပြီး စနစ်ကျသော စုံစမ်းစစ်ဆေးမှုများ ၊ မှတ်တမ်း သိမ်းဆည်းခြင်းနှင့်လိုအပ်ပါက တရားမျှတမှုအတွက် သက်ဆိုင်သည့်ဌာနများကို ညွှန်ပို့သည်များကို အထူးသတိထားဆောင်ရွက်ကြရမည်။

## သက်ဆိုင်သည့် ဌာနများအား အကြောင်းကြားညွှန်ပို့ရန် ဥပဒေအရတာဝန်ရှိမှု

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီး တာဝန်ရှိသူများ သည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ၊ ခေါင်းပုံဖြတ်ပုံ နှင့် စော်ကားမှုများအား ဥပဒေအရ သက်ဆိုင်ရာ ရဲဌာန နှင့် တရားရုံး များကို သိလျှင် အကြောင်းကြားရန်တာဝန်ရှိသည်။ အကြောင်း ကြားရန်ပျက်ကွက်ပါက ရာဇသတ်ကြီး ပုဒ်မ ( ၂၀၂ ) ဖြင့် အရေးယူခြင်းခံရနိုင်သည်။

> ပုဒ်မ -၂၀၂
>
> ပြစ်မှု ကျူးလွန်ပြီးကြောင်းသိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျှက်နှင့်ဖြစ်စေ မည်သူမဆို ထိုပြစ်မှုနှင့် စပ်လျဉ်းပြီး ဥပဒေနှင့် အညီတာဝန်ပေးရန် တာဝန်ရှိသော သတင်းကို မပေးဘဲ တမင်ပျက်ကွက်လျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

## အသရေဖျက်မှု နှင့် တရားမ နစ်နာကြေးဖြင့်တန်ပြန် တရားစွဲဆိုနိုင်မှုများ

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများ နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ၊ ခေါင်းပုံဖြတ်ပုံ နှင့် စော်ကားမှု ခံရသူများ သည် အသရေဖျက်မှုသက်ဆိုင်သော ဥပဒေများ၊ နိုင်ငံသားများ၏ လွတ်လပ်မှု နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုကိုကာကွယ် ကာကွယ်ပေးရေး ဥပဒေ နှင့် စွဲဆိုသည့် အခြေအနေများ နှင့် တရားမနစ်နာကြေး တောင်း ဆိုသည့် ကိစ္စရပ်များနှင့် ရင်ဆိုင်ရနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ၊ ခေါင်းပုံဖြတ်မှုနှင့် စော်ကားမှု ပတ်သက်ပြီး သက်ဆိုင်အစိုးရဌာသို့ အကြောင်းကြားသည့် အနေအထားများမှ လွဲပြီး ကျန်သည့်အကြောင်းကြားမှုများသည် ဥပဒေအရာရားမဝင်သဖြင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုကိုကာကွယ် ကာကွယ်ပေးရေး ဥပဒေဖြင့်ဖြစ်စေ၊ အသရေဖျက်မှုများဖြင့် ဖြစ်စေတိုင်တန်းသူများ နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများ ကို တရားစွဲလာနိုင်သည့်အနေအထားများရှိသလို သက်ဆိုင်ရာဌာနများမှ အရေးစုံးစမ်းခြင်းများမဟုတ်ဘဲ

မိမိရုံးတွင် စုံစမ်းစစ်ဆေးဆုံးဖြတ်ချက်များကိုလည်း တစ်ဖက်မှာ မကျေနပ်၍သော် လည်းကောင်းတန်ပြန် တရားစွဲဆိုမှုများဖြစ်နိုင်သည်။ သို့ဖြစ်ပါသောကြောင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများ အနေဖြင့် ရုံးတွင်း အရေးယူမှုများ ကို အဆောတလျှင် ဆောင်ရွက်ခြင်းများ၊ သက်ဆိုင်ရာဌာနသို့အကြောင်းကြား အမှုဖွင့်ခြင်း မရှိဘဲ ဖြေရှင်းပေးမှုများသည် နောက်ဆက်တွဲ တန်ပြန် တရားစွဲဆိုခံရမှုများကို ကြုံရနိုင်ပါသည်။

## အသက် (၁၈) နှစ်အောက်များအတွက် ဥပဒေအရ တာဝန်ရှိမှုနှင့် ပြဌာန်းချက်များ

ကလေးသူငယ်အခွင့်ရေးများဆိုင်ရာ ဥပဒေတွင် ပြစ်မှုကျူးလွန်ခံရသော ကလေးသူငယ်များနှင့် ကလေးသက်သေများနှင့်ပတ်သက်ပြီး အကူအညီအကာအကွယ်များနှင့် ပတ်သက်ပြီး အခန်း (၂၅)တွင် တိကျသော ပြဌာန်းချက်များရှိသလို အထက်တွင်ဖော်ပြထားသော ရာဇသတ်ကြီး၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေများတွင် ကလေးများအား ကျူးလွန်သည့် ပြစ်ဒဏ်များကိုလည်း သီးသန့်ဖော်ပြထားကြောင်းတွေ့ရှိရမည်။ ကလေးသူငယ်အခွင့်ရေးဥပဒေ အခန်း (၂၅) နှင့် ကလေးသူငယ် အခွင့်အရေးဥပဒေပါ ကျူးလွန်ခံရသူကလေးများ၏ အခွင့်အရေး ကာကွယ်ပေးမှုများမှာအောက်ပါအတိုင်းဖြစ်သည်။

ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးရာတွင်ဖြစ်စေ၊ ကလေးသူငယ်တရားရုံးရှေ့မှောက်တွင်ဖြစ်စေ၊ တရားရုံးတစ်ခုခုတွင်ဖြစ်စေ ပြစ်မှုကျူးလွန်ခံရသော ကလေးသူငယ်များ၊ သက်သေအဖြစ်ထွက်ဆိုသော ကလေးသူငယ်များ နှင့် ပတ်သက်၍ (ပုဒ်မ - ၉၆)

(က) ထိုကလေးသူငယ်များသည် ဤဥပဒေပါ အခွင့်အရေးများအပြင် အောက်ပါအခွင့်အရေးများကို ခံစားခွင့်ရှိသည်။

- တစ်ဦးချင်း လွတ်လပ်လုံခြုံမှုကို ကာကွယ်စောင့်ရှောက်မှုရရှိခွင့်၊
- ကလေးသူငယ်နှင့် သင့်လျော်သော ပတ်ဝန်းကျင်တွင် တွေ့ဆုံမေးမြန်းပြီး သက်သေအဖြစ် ထွက်ဆိုခွင့်၊
- မည်သည့် မှုခင်းကိုမဆို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ကြားနာစစ်ဆေးပေးမှုခံယူရရှိခွင့်၊
- အလေးဂရုပြုမှုဖြင့် ဆက်ဆံမှုရရှိခွင့်၊ အသက်အရွယ်နှင့် သင့်လျော်သော ရိုးရှင်းသည့်စကား အသုံးအနှုန်းဖြင့် မေးခွန်းများမေးမြန်းဖြေကြားခွင့်၊
- ကိုယ်တိုင်ထွက်ဆိုနိုင်ခြင်းမရှိသော မသန်စွမ်းကလေးသူငယ်အတွက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူက နှုတ်ဖြင့်ဖြစ်စေ၊ လက်သင်္ကေတပြ ဘာသာစကားဖြင့်ဖြစ်စေ၊ အခြားနားလည်လွယ်သည့် အမူအရာဖြင့်ဖြစ်စေ ကိုယ်စားပါဝင်ဆောင်ရွက်နိုင်ခွင့်၊

(ခ) ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့နှင့် အခြားအကူအညီများရရှိရေးအတွက် သတင်းအချက်အလက်များကို မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေ (သို့မဟုတ်) ကူညီစောင့်ရှောက်သူထံ ကူညီဖြည့်ဆည်းပေးပိုင်ခွင့် ရရှိစေရမည်။

(ဂ) ကလေးသူငယ်များအား စစ်ဆေးရာတွင်

- ကျမ်းသစ္စာကျိန်ဆိုခြင်းမပြုစေဘဲ မှန်ကန်စွာ ထွက်ဆိုပါမည်ဟု ကတိသစ္စာပြုစေပြီး စစ်မေးရမည်။
- ရှုပ်ထွေးသောမေးခွန်း၊ တစ်ဆက်တည်းမေးခွန်းနှင့် မလိုအပ်ဘဲ ထပ်ဆင့်မေးခွန်းများမေးမြန်း ခြင်းမပြုရ။
- သက်သေခံဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မိမိသက်သေအား အဓိကစစ်မေးခြင်းနှင့် အခြားတစ်ဘက်မှ ပြန်လှန်စစ်မေးပြီးနောက် ပြန်လည်စစ်မေးခြင်းပြုရာတွင်လည်ကောင်း၊ အခြားတစ်ဘက်မှ အမှုသည်၊ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ ကူညီသူ (သို့မဟုတ်) ရှေ့နေက ပြန်လှန်စစ်မေးခြင်းပြုရာတွင်လည်းကောင်း နိမိတ်ပြမေးခွန်းကို မေးမြန်းခြင်းမပြုရ။

(ဃ) မည်သူမျှ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ် (သို့မဟုတ်) မှုခင်းတွင် သက်သေအဖြစ်ပါဝင်နေသော ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် မှုခင်းသတင်းအချက် အလက်များရယူခြင်း၊ ထည့်သွင်းခြင်းနှင့် ကြော်ငြာခြင်း၊ ကလေးသူငယ်ကို ဓါတ်ပုံရိုက်ခြင်း၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်စာတမ်းများတွင် ထည့်သွင်းခြင်း၊ ဖြန့်ချီခြင်း၊ အသုံးပြုခြင်းမပြုရ (သို့မဟုတ်) ရေဒီယို၊ ရုပ်မြင်သံကြားနှင့် လူမှုဆက်သွယ်ရေးနည်းလမ်းများတွင် ထုတ်လွှင့်ခြင်းမပြုရ။

(င) ပြစ်မှုကျူးလွန်ခံရသော ကလေးသူငယ်များ၊ သက်သေအဖြစ်ထွက်ဆိုသော ကလေးသူငယ်များနှင့် ဆက်နွယ်ပတ်သက်သူများသည် ကလေးသူငယ်မှုခင်းကိစ္စကို ထုတ်ဖော်ခြင်းမပြုဘဲ လျှို့ဝှက်ထားရှိရမည်။

ဝန်ကြီးဌာနသည် ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှု မှုများကိုပြန်လည်ကုစားပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းအစီအမံများ ချမှတ် ဆောင်ရွက်ရမည်။ (ပုဒ်မ-၉၇)

ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသူကလေးသူငယ်အ တွက် တရားလိုဘက်မှ ဥပဒေအရာရှိက လိုက်ပါဆောင်ရွက်ပေးရန် သက်ဆိုင်ရာဥပဒေရုံးကို အကြောင်းကြား ရမည်။ (ပုဒ်မ ၈၄-(ဃ)

## အကြမ်းဖက်ခံရသူများ၏ ယေဘုယျအခွင့်အရေး

အကြမ်းဖက်ခံရသူ များ၏ အခွင့်အရေးနှင့် ပတ်သက်ပြီး ၂၀၁၉ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေတွင် အခန်း (၂၅ ) တွင် ဖော်ပြထားခြင်းမရှိပြီး မြန်မာနိုင်ငံတွင် အကြမ်းဖက်ခံရသူအမျိုး သမီးများအတွက် သီးသန့်ပြဋ္ဌာန်းချက်များ မရှိပေ။ သို့ရာတွင် အောက်ပါအချက်များကို အကြမ်းဖက်ခံရသူက တောင်းဆိုခွင့်ရှိသည်။

(၁) အကြမ်းဖက်ခံရသည့်အနေအထားများကိုထုတ်ဖော်ပြောဆိုသည့် အခါ အဆင်ပြေနိုင်စေရန် နားထောင်ရေး မှတ်သူ အမျိုးသမီး (သို့) အမျိုးသမီးရဲဝန်ထမ်း

(၂) အကြမ်းဖက်ခံရသူသည် မသန်စွမ်း (သို့) ဘာသာစကားအခက်အခဲရှိပါက ကောင်းစွာဘာသာပြန်ဆိုနိုင်သောသူရရှိစေခွင့်

(၃) ထုတ်ဖော်ပြောဆိုသူ အဆင်ပြေစေမည့် လုံခြုံသော ပတ်ဝန်းကျင်အနေအထား

(၄) တရားရုံးတွင် စစ်ဆေးသည့်အခါတွင် လည်းလူအများ မြင်တွေ့ ကြားတွေ့ခြင်းမရှိစေရန် တံခါးပိတ်စစ်ဆေးစေရန် တောင်းဆိုခွင့်

(၅) အကြမ်းဖက်ခံရသူအမျိုးသမီးဖြစ်ပါက အမှုမကြားနာမီ Pre trial interview တောင်းခံပိုင်ခွင့် ကျူးလွန်ခံရသူသည် အသက် ၁၈ နှစ်အောက်ဖြစ်ပါက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ အခန်း (၂၅) အရ ဖော်ပြချက်များရရှိစေရမည်။

## အကြမ်းဖက်ခံရသူအား အများမကြားနိုင်ရန် သီးသန့်စစ်ဆေးခြင်း

လတ်တလောအခြေအနေတွင် မြန်မာနိုင်ငံ၏ ကလေးသူငယ်အခွင့်အရေး ဥပဒေ ၊လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေနှင့် ပြည့်တန်ဆာနှိပ်ကွက်ရေး အက်ဥပဒေ တို့ အရ တစ်ချို့သီးသန့် စစ်ဆေးရမည့် အစီအမံပြဌာန်းချက်များသာရှိနေပြီး လိင်ပိုင်းဆိုင်ရာ ထိပါးနှောက် ယှက်မှု ၊ ခေါင်းပုံဖြတ်မှု နှင့် စော်ကားမှုခံရသူများအတွက် စစ်ဆေးမည် ပြဌာန်းချက်များ အကောင် အထည်ဖော်မှု များမရှိ နေသေးပေ။

## အမှုရုပ်သိမ်းခြင်းနှင့် အမှုကျေအေးခြင်း

မည်သည့်အမှုကိုစွမဆို တိုင်တန်းထားသည့် ကာလတွင်လည်းကောင်း၊ အမှုစွဲတင်ထားပြီး စစ်ဆေးနေသည့် အပြီးသတ် အမိန့်မချသေးသည့် မည်သည့် အဆင့်တွင်မဆို သက်ဆိုင်သူများ၏ သဘောတူညီချက်ဖြင့် အမှုကျေအေးခြင်း နှင့် တိုင်တန်းချက် (သို့) အမှု ကို ရုပ်သိမ်းခြင်းများကို ဆောင်ရွက်နိုင်သည်။ အမှုကျေအေးခြင်းနှင့် ပတ်သက်၍ မည်သည့် အမှုများသည် ကျေအေးခွင့်ရှိကြောင်းကို ရာဇဝတ်ကျင့်ထုံးဥပဒေ နောက်ဆက်တွဲ ဇယား (၂) တွင် အတိအလင်း ဖော်ပြထားသည်။ တစ်ချို့ စွဲဆိုထားသည့်ပုဒ်မများသည် ကျေအေးခွင့်မရှိဟု ပြဌာန်းထားလျှင် အမှု (သို့) တိုင်တန်းချက်ကို ရုပ်သိမ်းခွင့်ပြုရန် လုံလောက်သည့် အကြောင်းကို တရားသူကြီး ကျေနပ်လက်ခံအောင်တင်ပြနိုင်လျှင် တရားသူကြီးသည် တိုင်တန်းချက်ကို ရုပ်သိမ်းခွင့်ပြုနိုင်ပြီး ယင်းသို့ရုပ်သိမ်းခွင့်ပြုသည့်တစ်ပြိုင်နက် တရားခံကို အမှုမှ အပြီးအပြတ်လွှတ်ရမည်။

## မုဒိမ်းမှုများနှင့် ပတ်သက်ပြီး လုပ်ထုံးလုပ်နည်း နှင့် ဆောင်ရွက်ချက်များ

မုဒိမ်းကျင့်ခြင်းခံရသည် အမျိုးသမီးအတွက် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများတွင်နှင့် ပတ်သက်ပြီး ဥပဒေဆိုင်ရာတွင် တိကျစွာ သီးသန့် ပြဌာန်းမှုအပိုင်းတွင် အားနည်းလျက်ရှိသည်။ ရာဇသတ်ကြီး ပုဒ်မ (၃၇၅)

**နှင့် (၃၇၆) များသည် အမျိုးသမီးမုဒိမ်းမှုများအတွက် ပြဌာန်းထားသော ပြစ်မှု၊ ပြစ်ဒဏ်များဖြစ်သည်။ အမျိုးသမီး တစ်ယောက် မုဒိမ်းကျင့်ခြင်းခံရလျှင် ပြုကျင်ခံရသူကဖြစ်စေ၊ ၎င်း၏ မိဘ ၊အုပ်ထိမ်းသူကဖြစ်စေ၊ ကြားသိသူများ၊ မြင်တွေ့.သူများ၊ သိရှိသူများက က စာဖြင့်ဖြစ်စေ၊နူတ်ဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ ကြေးနန်းဖြင့် ဖြစ်စေ ရဲစခန်းနှင့် တရားရုံးတို့တွင် တိုင်ကြားနိုင်သည်။**

**ရဲစခန်းကိုလာရောက်တိုင်တန်းသောအမှုများတွင် ရဲက ပထမသတင်းပေးတိုင်ချက်ဖွင့်ပေးပြီး တိုင်ကြားသူအား ဖတ်ပြခြင်း၊ တိုင်ကြားသူ ကိုယ်တိုင်ဖတ်စေခြင်း၊ ပြင်စရာရှိလျှင် တိုင်ကြားသူ၏ ဆန္ဒ အတိုင်းပြင်စေပြီး တိုင်တန်းချက်ပြည်စုံလျှင် တိုင်ကြားသူကို လက်မှတ်ရေးထိုးစေရမည်။ ပြီးနောက် စုံစမ်း၊ စစ်ဆေးခြင်း များကို စတင်လုပ်ဆောင်မည်ဖြစ်သည်။ ကျူးလွန်ခံရသူအား ဆေးပညာအရ စစ်ဆေးရန် သက်ဆိုင်ရာ အစိုးရဌာန မှဖွင့်ထားသော ဆေးရုံများသို့ ညွှန်ပို့စေလွှတ်မည်ဖြစ်ပြီး။ အကယ်၍ပြုကျင့်ခံရသူက အမှုမဖွင့်သေး သည့်အချိန်တွင်ဖြစ်စေ ကျန်းမာရေးအရ ကုသမှုတစ်စုံတရာ တောင်းခံလာပါက ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေအရ ကုသဆောင်ရွက်ပေးရမည်ဖြစ် သည်။ ပထမသတင်းပေးတိုင်ချက်ဖွင့်ပြီးနောက် ပြုကျင့်ခံရစဉ်တုန်းက ဝတ်ဆင်ထားသည့် အဝတ် အစားများအပါအဝင် စပ်ဆိုင်သော သက်သေအထောက် အထားများ သက်သေများကို ရှာဖွေပုံစံဖြင့် သိမ်းဆည်း ခြင်း စစ်မေးခြင်း များကိုပြုလုပ်မည်။ ကျူးလွန်သည်ဟု စွပ်စွဲခံရသူအား ဖမ်းဆီးခြင်းများ နှင့် သက်သေခံ ပစ္စည်းများကို သိမ်းဆည်းခြင်းများ စစ်မေးခြင်းများကို ဆောင်ရွက်မည်။ သက်ဆိုင်ရာ ဥပဒေအကြံ ပေးချက်များဖြင့် တရားရုံးတော်သို့ တင်ပို့ရမည်ဖြစ်သည်။ တရာရုံးတွင် ကျူးလွန်ခံရသူ (သို့) တိုင်တန်းသူများ ၊ စွပ်စွဲခံရသူ နှင့် ၎င်းတို့၏ သက်သေများကို အဓိကစစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်း၊ နောက်ထပ်စစ်မေးခြင်းများဖြင့် အပြန်အလှန်မေး မြန်းသွားမည်ဖြစ်ပြီး ပြစ်မှုထင်ရှားလျှင် အပြစ်ပေးမည်ဖြစ်ပြီး ပြစ်မှုမထင်ရှားပါက တရားရှင်လွှတ်ခြင်း သော်လည်းကောင်း၊ တရားသေလွှတ်ခြင်းသော်လည်းကောင်း စွပ်စွဲခံရသူကို လွှတ် မည်ဖြစ်သည်။ အပြစ်ပေးခဲ့လျှင်သော်လည်းကောင်း၊ အပြစ်မကောင်းခဲ့သော်လည်းကောင်း တစ်ဖက်ဖက် က တရားရုံး အဆင့်ဆင့်သို့ အယူခံမှု ၊ ပြင်ဆင်မှုများကို လျှောက်ထားနိုင်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၂၉၅) ၄ (ခ) (ဂ) အရ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးအပြတ်ဖြစ်သည်။** စီရင်ပိုင်ခွင့် အာဏာအရ နှင့် ပတ်သက်ပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ- ၁၇၇ အရ ရာဇဝတ်မှုများကိုသာမာန်အားဖြင့် ရာဇဝတ်မှု ကျူးလွန်ရာနယ်မြေရှိ တရားရုံးက ကြားနာစစ်ဆေးစေရမည် ပြဌာန်းချက်ရှိသဖြင့် ကျူးလွန်ခံရသူသည် မည်သည်နေရာတွင်နေထိုင်စေကာမူ ကျူးလွန်ခံရသည့် နေရာ ဒေသရှိ တရားရုံးမှာသာ စစ်ဆေးစီရင်မည်ဖြစ်သည်။ ရဲစခန်းတွင် စုံးစမ်းစစ်ဆေးသည့်အခါတွင်ဖြစ်စေ၊ တရားရုံးတွင် စစ်ဆေးကြားနာသည့်အချိန်တွင်ဖြစ်စေ ယေဘုယျ အားဖြင့် သက်သေပြရန် တာဝန်သည် ကျူးလွန်ခံရသူဘက်မှာသာလျှင်ရှိပြီး စာရွက်စာတမ်း နှင့်နူတ်သက်သေခံချက်များကို သေချာတင်ပြစေနိုင်မှာ သာလျှင် ကျူးလွန်ခံရသူအတွက် တရားမျှတမှုကို ရရှိစေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အသက် (၁၈) နှစ် ပြည့်ပြီးသူများအတွက် မုဒိမ်းမှုများအတွက် **incamera အပါအဝင်သီးသန့် ပြဌာန်းချက်များရှိမနေသည့်အတွက်**

အမျိုးသမီးများအနေဖြင့် ရှက်ကြောက်နေမည်ဆိုပါက တရားမျှတမှု ရရှိစေ ရန် ခက်ခဲသည့်အနေအထားများနှင့် ရင်ဆိုင်ရနိုင်ပါသည်။ ယင်းကဲ့သို့ အခြေအနေများကြောင့် ကူညီပေးသူများ နှင့် လိုက်ပါကူညီပေးသော ဥပဒေအထောက်အကူပြုများသာမက လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများက ၎င်းအခြေအနေများကိုလည်း ကျူးလွန်ခံရသူ အား ကြိုတင်ရှင်းပြ၊ ပြောပြပေးမှာသာ လျှင် တရားရုံးထွက်ဆိုချက်များမှာ အဆင်ပြေမည်ဖြစ်ပြီး ကျူးလွန်ခံရသူများအတွက် တရားမျှတမှုကို ရရှိစေမှာ ဖြစ်ပါသည်။

## လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ စော်ကားခြင်း နှင့်ပတ်သက်သော အဓိက (၆) ချက်

၁။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းများမှ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ် ခြင်း (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခြင်းတို့သည် လုံးဝလက်ခံနိုင်ဖွယ်မရှိသော ကျင့်ဝတ် ဖောက်ဖျက်မှုများဖြစ်ပြီး အလုပ်တာဝန်မှ ရပ်စဲခြင်းခံရသည်အထိ အရေးယူခြင်းခံရမည်။

၂။ အများက လက်ခံခွင့်ပြုထားသည့် အသက်အရွယ် (သို့မဟုတ်) ကလေးငယ်နေထိုင်သည့် ဒေသတွင် သဘောတူ လက်ခံထားသည့် အသက်အရွယ်ရှိသော အခြေအနေမျိုးတွင်ပင်လျှင် ၎င်းကို ထည့်သွင်း မစဉ်းစားဘဲ ကလေးငယ်များ (အသက် ၁၈ နှစ် မပြည့်သေးသူများ)နှင့် လိင်ပိုင်းဆိုင်ရာကိစ္စများအား တားမြစ်သည်။ ကလေးငယ်၏ အသက်ကို ခန့်မှန်းရာတွင် မှားယွင်းသွားသည်ဟူသော ချေပချက်ကို လက်ခံမည်မဟုတ်ပါ။

၃။ လိင်ဆက်ဆံရန်အတွက် အခွင့်အရေးတောင်းခံခြင်း (သို့မဟုတ်) နှိမ့်ချသော၊ သိမ်ငယ်စေသော၊ အလွဲ သုံးစားပြုသော အမူအကျင့်များ အပါအဝင် လိင်ဆက်ဆံရန်အတွက် ငွေကြေး၊ အလုပ်အကိုင် အခွင့် အရေးနှင့် ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုများနှင့် လဲလှယ်ခြင်းကို တားမြစ်သည်။ ထိုအထဲတွင် အကျိုး ခံစားခွင့်ရှိသူများအား ထောက်ပံ့ကူညီမှုများကို အသုံးချ၍ လိင်မှုကိစ္စ အလဲအလှယ်ပြုလုပ်ခြင်းလည်း အပါ အဝင် ဖြစ်သည်။

၄။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ၊ အကာအကွယ်ပေးသူနှင့် ထို အကူအညီ၊ အကာ အကွယ်အား ရယူသူများကြားတွင် ရာထူးအဆင့် (သို့မဟုတ်) ရာထူးအာဏာကို လွဲမှားစွာ အသုံးပြု၍ မည်သည့် လိင်ပိုင်းဆိုင်ရာ ပတ်သက်ဆက်နွယ်မှုမျိုး လုံးဝ တားမြစ်ထားသည်။ အကြောင်းမှာ ယင်းသို့သော ပတ်သက်ဆက်နွယ်မှုများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုအပေါ် ယုံကြည် ကိုးစားမှု၊ ထိုအကူအညီ၏ သမာသမတ်ရှိမှုတို့အပေါ် အများက အထင်အမြင်သေးနိုင်သောကြောင့်ပင် ဖြစ် သည်။

၅။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိ၏ အဖွဲ့အစည်းမှ (သို့မဟုတ်) အခြား အဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးဦးသည် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခြင်း (သို့မဟုတ်) လိင်ပိုင်း ဆိုင်ရာ

**ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းကို ကျူးလွန်နေသည်ဟု စိုးရိမ်မှု (သို့မဟုတ်) သံသယရှိလာပါက အဆိုပါဝန်ထမ်းသည် မိမိ စိုးရိမ်မှုနှင့် စပ်လျဉ်းပြီး အဖွဲ့အစည်းအတွင်း သတ်မှတ်ထားရှိပြီးဖြစ်သည့် သတင်းပို့ တိုင်ကြားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအတိုင်း တိုင်ကြားရမည်။**

**၆။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းများသည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမှုတို့ကို တားဆီးသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန်နှင့် ထို ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပြီး၊ ၎င်းတို့လိုက်နာရမည့် စံနှုန်းများ၊ စည်းမျဉ်း စည်းကမ်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန်လည်း တာဝန်ရှိသည်။ အဆင့် အသီးသီးရှိ စီမံခန့်ခွဲသူများသည် ထိုသို့သော ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်သည့် နည်းစနစ်များ ကို အားပေးထောက်ပံ့ရန်နှင့် ဖွံ့ဖြိုးလာရေးဆောင်ရွက်ပေးရန် တာဝန်ရှိသည်။**

# အမေးများသောမေးခွန်းများ

၁။ မတိုင်တဲ့အမှုတွေရှိခဲ့ရင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် စော်ကားမှုများ ကာကွယ်ခြင်းနှင့် စပ်လျဉ်းပြီးတာဝန်ရှိသူများ အနေနဲ့ ဒုက္ခရောက်မယ်ဆိုရင် ဘာတွေ လုပ်ထားသင့်ပါသလဲ။

**လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု၊ ခေါင်းပုံဖြတ်မှု နှင့် စော်ကားမှုများ အတွက် ပတ်သက်ပြီး ဥပဒေ နှင့် ငြိစွန်းနေသည့်ကိစ္စရပ်တိုင်းကို သိရှိသူများအနေဖြင့် တိုင်တန်းရန် တာဝန်ရှိသည့် အတွက် သက်ဆိုင် ရာ တရားရုံး နှင့် ရဲစခန်းများသို့တိုင်တန်းဖို့ညွှန်ပို့ရမည်ဖြစ်သည်။ညွှန်ပို့မှုများမရှိဘဲ မိမိရုံးတွင်းတွင် ရုံး၏စည်းမျဉ်းစည်းကမ်းများအရဖြေရှင်းဆုံးဖြတ်မည်ဆိုပါက အကယ်၍နောက်ဆက်တွဲရှုပ်ထွေးမှုများ ဖြစ်လာပါက ဖြေရှင်းပေးသူများအနေဖြင့် ရှင်းလင်းရမည်ဖြစ်သည်။**

၂။ ကျူးလွန်ခံရသူတွေမရှိတော့တဲ့အချိန်ခါမှ ကျူးလွန်သူကိုသိရင် ဘယ်လိုမျိုးသွားသင့်ပါသလဲ။
**ကျူးလွန်တဲ့သူတွေထွက်ပြေးနေ၍သော်လည်းကောင်း၊ မိမိတို့ရုံး(သို့) ဌာနအတွင်း မလုပ်တော့သည့် အနေအထားတွင် သိရှိပါကလည်းသက်သေအထောက်အထားများရှိနေပါက တိုင်တန်းနိုင်ပါသည်။ စုံစမ်းစစ်ဆေးဖော်ထုတ်ရမည့်ကိစ္စသည် သက်ဆိုင်ရာများ၏တာဝန်များဖြစ်သည်။**

၃။ ကျူးလွန်ခံရသူ တိုင်ကြားနိုင်ဖို့အတွက် အဖွဲ့အစည်းအနေဖြင့် ဘယ်လိုကူညီနိုင်ပါသလဲ။ အဖွဲ့အစည်းအနေဖြင့်တိုင်ရမှာလား။
**လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှု ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် စော်ကားမှုအတွက် ကျူးလွန်ခံရသူက တိုက်ရိုက်တိုင်တန်းနိုင်သလိုအဖွဲ့အစည်းအနေဖြင့်လည်း ကျူးလွန်ခံရသူ နှင့်အတူတကွ လိုက်ပါပြီး တိုင်တန်းနိုင်ပါတယ်။ကျူးလွန်ခံရသူက တိုင်တန်းရန် ဆန္ဒမရှိ၍ သော်လည်းကောင်း၊ မတိုင် တန်းလိုသည့်ကိစ္စများရှိလာပါက ကျူးလွန်ခံရသူ နှင့် သေချာ**

**တိုင်ပင်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဖွဲ့အစည်းက တိုင်ကြားလိုက်သော်လည်း ကျူးလွန်ခံရသူက ကျူးလွန် မခံရကြောင်းထွက်ဆိုလာလျှင်ဖြစ်စေ၊ ငြင်းဆန်လာလျှင်ဖြစ်စေ တိုင်ကြားသူမှာ ရှင်းလင်းရန်တာဝန်ရှိလာမည်ဖြစ်သည်။**

၄။ နှစ်ဦးသဘောတူ လိင်ဆက်ဆံလိုက်တာကို ဥပဒေကခွင့်ပြုထားပါသလား။
**မြန်မာနိုင်ငံ၏ဥပဒေအရ အသက်(၁၆) နှစ်အောက်မှသာလျှင် မုဒိမ်းမှုမြောက်သည်ဟု ပြောထားသဖြင့် အသက်(၁၆) နှစ်ပြည့်သည့် အမျိုးသား၊အမျိုးသမီးများသည် နှစ်ဦးသဘောတူ လိင်ဆက်ဆံခြင်းကို တိုင်တန်းရနိုင်မည်မဟုတ်ပေ။ သို့ရာတွင် အသက်(၁၆) နှစ်ပြည့်ပြီး၊ (၁၈) နှစ် မပြည့်သေးသူကို မိဘအုပ်ထိန်းသူ သဘောမတူဘဲ ခိုးယူပေါင်းသင်းလျှင် ရာဇသတ်ကြီးပုဒ်မ-၃၆၃ လူခိုးမှု ဖြင့် အရေးယူခံရနိုင်သည်။**

၅။ (၁၆)နှစ် ပြည့်ပြီး (၁၈) နှစ် မပြည့်သေးဘဲလိင်ဆက်ဆံခဲ့ရင် လက်ထပ်လို့ရပါသလား။
**မိဘ(သို့) အုပ်ထိန်းသူ သဘောတူလျှင်လက်ထပ်လို့ရပါတယ်။**

၆။ (၁၆) နှစ်အောက် ဆိုရင် လိင်ဆက်ဆံလို့ရပါသလား။

**အသက် (၁၆) နှစ်အောက်သည် ရာဇသတ်ကြီးပုဒ်မ-၃၇၅ ကာမဆက်ဆံဖို့ သဘောတူညီချက်မပေးနိုင် သည့် အတွက်မုဒိမ်းမှု ဖြင့် စွဲဆိုခံရမည်ဖြစ်သည်။**

၇။ မိန်းကလေးက အသက် ပြည့်ပြီဟုလိမ်လည်ပြီး လိင်ဆက်ဆံမိလိုက်ရင် ဘယ်လိုလုပ်လို့ရပါသလဲ။

**မိန်းကလေးက တမင် လိမ်လည်ပြီး ပြောဆိုခဲ့သည့်အတွက် လိင်ဆက်ဆံမိကြောင်းကို သက်သေ အထောက်အထားနှင့်တကွ တရားရုံးရှေ့မှ ရှင်းလင်းရမည့်ကိစ္စဖြစ်ပြီးကျူးလွန်သူ အနေဖြင့် မုဒိမ်းမှုဖြင့် စွဲဆိုခံရမည်ဖြစ်သည်။**

၈။ ပုဒ်မ-၃၇၆ ကို နားမလည်လို့ပါ။
**မုဒိမ်းမှုအတွက် ပြဌာန်းထားသည့်ပြစ်ဒဏ်ဖြစ်ပါသည်။**

၉။ အသက် (၁၈) နှစ် ပြည့်ပြီးတဲ့ ပြည့်တန်ဆာ(Sex Worker)၊ KTV တို့မှ သူတို့ဆီလာတဲ့ Client နှင့် ကြည်ဖြူပြီးလိင်ဆက်ဆံရင်အရေးယူလို့ရပါသလား။
**အရေးယူလို့မရပါ။**

၁၀။ အဖွဲ့အစည်းအတွင်း Sexual Conduct ကို Zero Tolerance လုပ်ထားတော့ Sexworker တွေနဲ့ လိင်ဆက်ဆံခဲ့ရင်ဘယ်လိုလုပ်လို့ရပါသလဲ။

**လက်ရှိမြန်မာနိုင်ငံ၏ဥပဒေအရ အသက်(၁၈)နှစ်ပြည့်တဲ့ လိင်လုပ်သားတစ်ယောက် နှင့် သဘောတူညီချက်အရ လိင်ဆက်ဆံခြင်းသည် မည်သို့မှ အရေးယူလို့မရပါ။ သို့သော်အဖွဲ့အစည်းမှ ပြဌာန်းပါ စည်းမျဉ်းစည်းကမ်းအတိုင်း အရေးယူဆောင်ရွက်နိုင်ပါသည်။**

၁၁။ Labor law နဲ့ညှိတာမျိုးတချို့ကိစ္စတွေမှာ ဝန်ထမ်းက မကျေနပ်ရင် တရားစွဲလို့ရပါသလား။ (ပုံမှန်အလုပ် ထုတ်ခြင်း၊မထုတ်ခြင်း နှင့် ဆိုင်)

**တစ်ချို့ဂုဏ်သိက္ခာပိုင်း နှင့် ပတ်သက် သည့်ကိစ္စများ ကြောင့်သော်လည်းကောင်း၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှု နှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ထိခိုက်စေသည့်ကိစ္စများကြောင့် အလုပ် ထုတ် ခံရလျှင် တဖက်မှ ဂုဏ်သိက္ခာအတွက် တရားစွဲဆိုနိုင်သည်။**

၁၂။ Power Abuse သုံးပြီး ဝန်ထမ်းကို (နင့်ကို အလုပ်ပေးမယ် ငါနဲ့တစ်ညအိပ်)ဆိုပြီး Beneficiary နဲ့ Relationship တစ်ခုရှိထားတယ်။Organization ရဲ့စည်းမျဉ်းတွေလဲလိုက်နာထားတယ်၊ အဲဒီဝန်ထမ်း ကို လည်း တခြားဌာနမှာ application process တွေကိုပါဖြတ်ပြီးခန့်ထားတယ်။ အဖွဲ့အစည်းအနေဖြင့် ဘယ်လောက်ထိစုံစမ်းစစ်ဆေးသင့်ပါသလဲ၊ နောက်ကြောင်းပြန်လှန်သင့်ပါသလား။

**နောက်ကြောင်းပြန်လှန်သင့်ပါသည်။လွတ်လပ်တဲ့ သဘောတူ ချက်မဟုတ်ဘဲ နှင့် ၄င်းကဲ့သို့ လုပ်ဆောင်မှုများ ကို သေချာစုံစမ်းဖော်ထုတ်ဖို့လိုအပ်ပါတယ်။ ၄င်းကဲ့ သို့စုံစမ်းဖော်ထုတ်သည့်အခါ သေချာစွာ လျှို့ဝှက်ပြီးလုပ်ဆောင်ရပါတယ်။**

၁၃။ ကာယိန္ဓြေပျက်ပြားစေမှုက ရဲအရေးပိုင်တာလား။(မရိုးသားတဲ့စိတ် နဲ့ ဟိုကိုင်ဒီကိုင်လုပ်ရင်) **ကာယိန္ဓြေပျက်ပြားစေတဲ့ တို့ထိကိုင်တွယ်ပြီး ကိုယ်ထိလက်ရောက် လုပ်လာတဲ့ကိစ္စသည် ရဲအရေးပိုင် ပါသည်။**

၁၄။ ရဲအရေးပိုင်တဲ့အမှုတွေကို မတိုင်လျှင်ကောရပါသလား။

**ရဲအရေးပိုင်တဲ့ကိစ္စတွေကို တိုင်တန်းရပါမယ်။မတိုင်လျှင်လည်းရဲက တခြားနည်း နှင့် သိသွားရင် စုံစမ်း စစ်ဆေးလာမှာဖြစ်ပါတယ်။**

# ကိုးကားစာအုပ်များ

၁။ ရာဇသတ်ကြီး (၁၈၆၁)

၂။ ရာဇဝတ် ကျင့်ထုံးဥပဒေ (၁၈၉၈)

၃။ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာဥပဒေ (၂၀၁၉)

၄။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (၂၀၀၅)

၅။ သက်သေခံ အက်ဥပဒေ (၁၈၇၂)

၆။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ (၂၀၁၀)

၇။ တရားရုံးများလက်စွဲ (၁၉၄၆)

၈။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှု နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ (၂၀၁၇)

၉။ ရဲအက် ဥပဒေ (၁၉၄၅)

၁၀။ ဆက်သွယ်ရေးဥပဒေ (၂၀၁၃)

၁၁။ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေ (၁၉၄၉)

၁၂။ တရားမဥပဒေ နှင့် တရားမကျင့်ထုံး (၁၉၀၈)

၁၃။ ကာလစည်းကမ်းသတ်အက်ဥပဒေ (၁၉၀၉)

၁၄။ ဥပဒေအထောက်အကူပြုလက်စွဲ (Legal Clinic Myanmar)